# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## လွန်စွာကပ်ငြိသည့်စိတ်

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုး တိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍ သွား၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၄၇)


၁၃၈၅ ခုနှစ်၊ ပြာသိုလကွယ်နေ့ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ သောကြာနေ့ အတွဲ (၆၃)၊ အမှတ်(၁၃၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဓမ္မသီရိ သည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် (ကြာသပတေးနေ့) ၀၀၀၂ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား နဂါးနှစ်ကောင်ကျောင်းတိုက်၌ ပူဇော်ထားရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပနကျင်းပရေး နာယကအဖွဲ့တွင်ပါဝင်သည့် သီလဓမ္မကုန်းသာ တောရကျောင်းတိုက် ဦးစီးပဓာနနာယက (ဝစီပိတ်)

*စာမျက်နှာ ၃ ကော်လံ ၁ ➔*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုစဉ်။

## ယနေ့ *ဖတ်စရာ*



### ဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်း၊ ခရစ်ယာန်နှင့်ဗလီဘာသာရေးကျောင်း ၃၈ ကျောင်းအား မီးဘေးလုံခြုံရေးအတွက် အသိပညာပေး စစ်ဆေးဆောင်ရွက်နေ

ပြည်တွင်းသတင်း စာ - ၁၅

### အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

ပြည်တွင်းသတင်း စာ - ၁၀၊ ၁၁၊ ၁၂၊ ၁၃

### နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သူများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

ပြည်တွင်းသတင်း စာ - ၁၄

# စည်းလုံးခြင်းသည်အင်အား ပြည်ထောင်စု၏ စွမ်းပကား

ကမ္ဘာပေါ်တွင် လူမျိုးတစ်မျိုးမက အများအပြားစုပေါင်း နေထိုင်ကြသော နိုင်ငံများစွာရှိသည်။ နိုင်ငံ၏ဖွဲ့စည်းတည်ဆောက်ပုံအရ တစ်ပြည်ထောင်စနစ်ကျင့်သုံးသည့် နိုင်ငံများရှိသလို ပြည်ထောင်စုစနစ်ကျင့်သုံးကြသည့် နိုင်ငံများလည်း ရှိကြသည်။ ပြည်ထောင်စုစနစ်ကျင့်သုံးကြရာတွင် ပြည်ထောင်စုအစိုးရ (ဝါ) ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတို့အကြား အခြေခံဥပဒေဖြင့် အာဏာပိုင်းခြားခွဲဝေသတ်မှတ်ပေးထားခြင်း ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများတွင် အမေရိကန်ပြည်ထောင်စု၊ အာရပ်စော်ဘွားများ ပြည်ထောင်စု စသည်ဖြင့် ပြည်ထောင်စုအမည်ခံယူထားသည့် နိုင်ငံများရှိသကဲ့သို့ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကဲ့သို့ ပြည်ထောင်စုအမည်ခံယူမထားသော်လည်း ပြည်နယ်များ၊ လူမျိုးစု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ဖွဲ့စည်းထားသည့် နိုင်ငံများလည်းရှိကြသည်။ ပြည်ထောင်စုအမည်ကို ခံယူသည်ဖြစ်စေ၊ မခံယူသည်ဖြစ်စေ လူမျိုးများ၊ ပြည်နယ်ဒေသများဖြင့် စုပေါင်းဖွဲ့စည်းထားသည့် နိုင်ငံတိုင်းမိမိတို့၏နိုင်ငံကို မပြိုကွဲမပျက်စီးစေရန် ကာကွယ်ထိန်းသိမ်းမှုတို့ ပြုလုပ်ကြရသလို၊ နိုင်ငံတိုးတက်ကြီးပွားဖွံ့ဖြိုးစည်ပင်လာရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြရသည်။ တစ်ရေတည်း၊ တစ်မြေတည်း၊ တစ်ဆက်တစ်စပ်တည်း တည်ရှိနေသည့် ပြည်နယ်များကို စုစည်း၍ ပြည်ထောင်စုတည်ထောင်ကြရခြင်းမှာ နိုင်ငံအင်အားခိုင်မာတောင့်တင်းရေးအတွက် ဖြစ်သည်။ နယ်မြေပိုင်နက်ကျယ်ဝန်းပြီး လူဦးရေများပြားသည့်နိုင်ငံအနေဖြင့် စီးပွားရေးတွင်လည်း နိုင်ငံနှင့်လိုက်လျောညီထွေသည့် အရွယ်အစားဖြစ်လာနိုင်သလို ကာကွယ်ရေးတွင်လည်း နိုင်ငံနှင့်လျော်ညီသည့်အင်အားဖြစ်လာနိုင်သည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ယနေ့ကမ္ဘာ့မြေပုံပေါ်တွင် တွေ့ရှိနိုင်သည့် မြန်မာနိုင်ငံ၏ ပိုင်နက်နယ်နိမိတ်ပြမြေပုံသည် ၁၉ ရာစုနှောင်းပိုင်းကာလ မြန်မာတစ်နိုင်ငံလုံးကို နယ်ချဲ့တို့သိမ်းပိုက်ချိန်တွင်ရှိခဲ့သည့် မြန်မာ့နယ်နိမိတ်ပင်ဖြစ်သည်။ ဤနယ်နိမိတ်အတွင်းရှိနေသည့် တောင်ပေါ်၊ မြေပြန့်၊ မြစ်ဝှမ်း၊ ကမ်းရိုးတန်းဒေသအသီးသီးတို့တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတို့အပါအဝင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးတို့ နှစ်ပရိစ္ဆေဒများစွာ အေးအတူ ပူအမျှစုပေါင်းနေထိုင်လာခဲ့ကြသည်ကို သမိုင်းစာမျက်နှာများတွင် ပြန်လည်လေ့လာကြည့်နိုင်သည်။ ယနေ့ EAO အချို့၏ လက်သုံးစကားဖြစ်သည့် ဗမာလူမျိုးကြီးဝါဒဟူသည့် ဝေါဟာရမှာ လွတ်လပ်ရေးရယူနိုင်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ စည်းလုံးညီညွတ်ရေးအတွက် အကြိတ်အနယ်ကြိုးပမ်းနေကြစဉ် နယ်ချဲ့အစိုးရကိုယ်စားလှယ်အုပ်စုက နောက်ကွယ်မှ သွေးခွဲသပ်လျှိုမှုများပြုလုပ်ရာမှ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံကို မဖြစ်မနေလွတ်လပ်ရေး ပေးရတော့မည့်အချိန်တွင် ယင်းနိုင်ငံ၏ အနာဂတ်ပျက်စီးရာပျက်စီးကြောင်းအတွက် အဖျက်မျိုးစေ့ကို ကောက်ကျစ်ယုတ်မာစွာဖြင့် ချထားခဲ့ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံထက် လအနည်းငယ်စော၍နယ်ချဲ့ထံမှ လွတ်လပ်ရေးရခဲ့သည့် အိန္ဒိယတွင် ဘာသာရေးကိုအကြောင်းပြု၍ နိုင်ငံသုံးပိုင်းကွဲခဲ့သည်။ တစ်ဆက်တည်းမှာပင် နယ်မြေခွဲဝေပိုင်းခြားမှု၊ အဓိကရုဏ်းများဖြစ်ပေါ်လာမှုတို့ကြောင့် တစ်ပြည်တည်းသားချင်းသတ်ဖြတ်ကြရာမှ လူသန်းနှင့်ချီ၍ သေဆုံးခဲ့ရသည်။ မည်သို့ပင်ဆိုစေ အိန္ဒိယသည်အတိတ်၏ ဒဏ်ရာဒဏ်ချက်များကို ကုစားကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် ကြိုးပမ်းလုပ်ကိုင်ကြမှုကြောင့် အင်အားကြီးနိုင်ငံ တစ်နိုင်ငံအဖြစ်သို့ တက်လှမ်းကာ ကမ္ဘာ့တတိယစီးပွားရေးအကြီးမားဆုံးနိုင်ငံအဖြစ်သို့ဦးတည်နေပြီဖြစ်သည်။ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေပြီဖြစ်သည့် မိမိတို့မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်ကာ ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကြိုးမာန်တက် စုပေါင်းဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ပါစေကြောင်း။ ။

## မူးယစ်ဆေးဝါးသုံးစွဲသူများ လျှော့နည်းပပျောက်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၈

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(အင်းစိန်)နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (အင်းစိန်)တို့ပူးပေါင်း၍ မူးယစ်ဆေးဝါးသုံးစွဲသူများ လျှော့နည်းပပျောက်ရေးနှင့် ဆေးဖြတ်သူများ ပြန်လည်ထူထောင်ရေးသည် အမျိုးသားရေးတာဝန်ဖြစ်ကြောင်း ဆွေးနွေးဟောပြောပွဲကို ဖေဖော်ဝါရီ ပထမပတ်က လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်) ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့်မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ၊ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ - တောင်တွင်းကြီး)က မူးယစ်ဆေးဝါးသမိုင်းကြောင်း၊ မူးယစ်ဆေးဖြတ်သူများ ပြန်လည်ထူထောင်ရေးဆောင်ရွက်ချက်များနှင့် နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးသုံးစွဲသူများ လျှော့နည်းပပျောက်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ချက်များကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## သတိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် ညစာစားပွဲ အခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့် ၁၀-၂-၂၀၂၄ ရက်နေ့နှင့် အခမ်းအနားကျင်းပပြုလုပ်မည့် ၁၂-၂-၂၀၂၄ ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဥယျာဉ်ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်အထိ ခေတ္တလမ်းပိတ်/ လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ယာဉ်အသုံးပြုသွားလာသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား - တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဥယျာဉ်ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့ လည်းကောင်း၊ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ရေဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသင့်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ



ဖြူးမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာများရှိနေအိမ်များသို့ တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခြင်းများကို မြို့နယ်မီးသတ် ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်က တာခြားကျေးရွာရှိ နေအိမ်များတွင် စစ်ဆေးနေစဉ်။ နေမျိုးလွင် (ပြန်/ဆက်)

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ ဝစီပိတ်ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်စဉ်။

❍ ရှေ့ဖုံးမှ

ဆရာတော် ဘဒ္ဒန္တကောဝိဒ အမှူးပြုသည့် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားပြုလုပ်မည့် အခြေအနေများကို လျှောက်ထားဆွေးနွေး၍ ဆရာတော်ကြီးသည် နိုင်ငံ့ဦးသျှောင် အဓိပတိဆရာတော်ကြီးများတွင် ပါဝင်သဖြင့် အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားအား စည်ကားသိုက်မြိုက်စွာနှင့် အခမ်းနားဆုံးဖြစ်အောင် ကျင်းပနိုင်ရေး၊ ရပ်ဝေးမှ လာရောက်သည့် ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် အများပြည်သူများ သွားလာရေး၊ တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးတို့ အဆင်ပြေချောမွေ့မှုရှိစေရေး၊ သောက်သုံးရေများ လုံလောက်စွာရရှိရေးနှင့် အခြားလိုအပ်သည်များအား တာဝန်ရှိသူများကို မှာကြားသည်။

**ငါးပါးသီလခံယူဆောက်တည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ဝစီပိတ်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ဆရာတော်ကြီးများထံသို့ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနား ကျင်းပပြုလုပ်နိုင်ရေး အလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းသည်။

**ရေစက်သွန်းချအမျှပေးဝေ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တာချီလိတ်မြို့ မဟာဗောဓိကမ္မဋ္ဌာန်းကျောင်းတိုက် မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဉာဏသီရိထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်ကြီးများထံ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနား ကျင်းပပြုလုပ်နိုင်ရေး အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် နဂါးနှစ်ကောင်ကျောင်းတိုက်ပဓာနနာယက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုခဲ့ကြသည်။

**စွမ်းစွမ်းတမံဆောင်ရွက်တော်မူခဲ့**

အဆိုပါ နဂါးနှစ်ကောင်ကျောင်းတိုက်ပဓာနနာယကဆရာတော်ကြီး အလောင်းလျာကို ကောဇာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၉ ရက် (ဗုဒ္ဓဟူးနေ့) တွင် ခမည်းတော် ဦးဟောင်၊ မယ်တော် ဒေါ်နန်းပင်းတို့က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ယန်းကိန်ရွာ၌ မွေးဖွားသန့်စင်ခဲ့ပြီး ၁၂၉၉ ခုနှစ် တပေါင်းလပြည့်နေ့တွင် ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဓမ္မရံသီကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့လည်းကောင်း၊ ၁၃၁၀ ပြည့်နှစ် ကဆုန်လဆန်း ၁၃ ရက်နေ့တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ လည်းကောင်း အသီးသီးရောက်ရှိတော်မူခဲ့ကြောင်း၊ သက်တော် ၁၀ နှစ်အရွယ်တွင် ရှင်သာမဏေဘဝဖြင့် အခြေခံပညာမူလတန်းပညာသင်ယူတော်မူခဲ့ပြီး ကျိုင်းယင်းကျောင်းတိုက် ဆရာတော်ထံတွင် ပရိယတ္တိစာပေများကို ဂုံရှမ်းဘာသာဖြင့် မူလဓမ္မာစရိယတန်းအောင်မြင်သည်အထိ ပညာသင်ယူဆည်းပူးတော်မူခဲ့ကာ ၁၃၂၀ ပြည့်နှစ်တွင် မူလဓမ္မာစရိယကို ဂုံရှမ်းဘာသာဖြင့် အောင်မြင်တော်မူခဲ့ကြောင်း၊ ဆရာတော်ကြီးသည် ၁၃၅၇ ခုနှစ်တွင် နဂါးနှစ်ကောင် ပရိယတ္တိစာသင်တိုက်ကို စတင်ဖွင့်လှစ်တော်မူခဲ့ပြီး ပရိယတ္တိစာသင်တိုက်ခွဲ လေးခုကို ဖွင့်လှစ်ထူထောင်ထားရှိကြောင်း၊ စာသင်တိုက်များ၌ ရှမ်းတိုင်းရင်းသားရဟန်း၊ သာမဏေများအား အစိုးရပါဠိ ပထမပြန်မှုအတိုင်း ဂုံရှမ်းဘာသာဖြင့် အခြေပြ မူလတန်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းများကို သင်ကြားပို့ချပေးခြင်းနှင့် စာမေးပွဲများကို အကြိမ် ၅၀ တိုင် ကျင်းပပေးခဲ့ကြောင်း၊ ၁၃၅၅ ခုနှစ်မှစတင်၍ ပိဋကတ်သုံးပုံပါဠိတော်နှင့် ဂုံရှမ်းဘာသာပြန်စာအုပ်ပုံနှိပ်ထုတ်ဝေခြင်း၊ ပိဋကတ်သုံးပုံ ပါဠိတော်အစုံအား ကျောက်စာချပ်ရေ ၂၅၀၀ ခန့်ဖြင့် ကျောက်ထက်အက္ခရာတင်ပြီး တာချီလိတ်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင်တွင် စိုက်ထူတည်ထား ကိုးကွယ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် တာချီလိတ်မြို့အတွင်းရှိ အခြေခံပညာအဆောက်အဦများအတွက် မြေနေရာများ လှူဒါန်းပေးခြင်း၊ ဘိုးဘွားရိပ်သာနှင့် မိဘမဲ့လူငယ်ပရဟိတဂေဟာကို တည်ထောင်ဖွင့်လှစ်၍ လိုအပ်သောထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်း၊ ခရိုင်ပြည်သူ့ဆေးရုံကြီး မြေနေရာနှင့် လိုအပ်သည့် ကျန်းမာရေးအထောက်အကူပြု အဆောက်အဦများ ဆောက်လုပ်လှူဒါန်းပေးခြင်းများ စသည့်သာသနာပြုလုပ်ငန်းများနှင့် လူထုအကျိုးပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့ကြောင်း၊ ဆရာတော်ကြီး၏ သက်တမ်းတစ်လျှောက် ထိုကဲ့သို့ သာသနာပြုလုပ်ငန်းများနှင့် လူထုအကျိုးပြုလုပ်ငန်းများ စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့မှုများကြောင့် နိုင်ငံတော်မှ ၁၉၉၂ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ ၂၀၀၁ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်၊ ၂၀၀၅ ခုနှစ်တွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်၊ ၂၀၂၂ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်ချီးမြှင့်ခဲ့သကဲ့သို့ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံမှ ဆက်ကပ်ချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်များကိုလည်း ဆက်ကပ်ခံခဲ့ရကြောင်း၊ ဆရာတော်ကြီးသည် သက်တော် ၉၆၊ ဝါတော် ၇၇ ဝါ အရောက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု၍ သန်လျင်၌ ကျေးရွာစာကြည့်တိုက် အဆောက်အဦသစ်ဖွင့်လှစ်



**ရန်ကုန် ဖေဖော်ဝါရီ ၈**

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု၍ သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာပြည်သူများ ပူးပေါင်းဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆောက်လုပ်ပြီးစီးသွားသော ကရင်ဆိပ်ကျေးရွာ ပညာမိခင် စာကြည့်တိုက် အဆောက်အဦသစ် ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာစာကြည့်တိုက် အဆောက်အဦသစ်အား သန်လျင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့်အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)** ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မြတ်မော်က စီမံကိန်းနှင့်ပက်သက်၍လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိအိမွန်က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းသည်။

ယနေ့ဖွင့်လှစ်သော သန်လျင်မြို့နယ် ကရင်ဆိပ်ကျေးရွာ ပညာမိခင် စာကြည့်တိုက်မှာ သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာပြည်သူများ ပူးပေါင်းဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

# ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၁၉ / ၂၀၂၄**

၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ခင်အုန်းတင့်အား ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၄၆ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၄၆ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှ လှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်း လှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပြီး ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော် (ဖုန်း၊ ၀၆၇-၃၄၀၈၄၁၈)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ (ဖုန်း ၊ ၀၉-၅၀၆၁၈၃၂ ၊ ၀၁-၇၅၁၃၈၉၇) ၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁)၊ ညွှန်ကြားရေးမှူး ၊ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉) နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.06713906701442701 တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

# တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် အရေးကြီးသည့် လူ့အရင်းအမြစ်ဖြစ်သည့်အတွက် မိမိတို့ရရှိသိရှိထားသည့် သတင်းများကို နိုင်ငံတော်တည်ဆောက်ရေးအတွက် ကောင်းမွန်စွာအသုံးချ





**မန္တလေး ဖေဖော်ဝါရီ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးမြို့ ရတနာပုံခန်းမ၌ကျင်းပသည့် မန္တလေးရှိတက္ကသိုလ်နှင့်ကောလိပ်များမှ ကျောင်းသား ကျောင်းသူများအား “တားဆီးကာကွယ်မီဒီယာအဆိပ်သင့်မှုအန္တရာယ်” နှင့် “နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ” ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးပြောကြားသည်။ (ယာပုံ)

ဆွေးနွေးပွဲသို့မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တက္ကသိုလ်ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**မှတ်တမ်းဗီဒီယိုပြသ**

ရှေးဦးစွာ ရတနာပုံတက္ကသိုလ် ကျောင်းသား ကျောင်းသူများက အလှကမ္ဘာမြေသီချင်းဖြင့် ဖျော်ဖြေပြီး “တားဆီးကာကွယ်မီဒီယာအဆိပ်သင့်အန္တရာယ်” နှင့် “နိုင်ငံတော် တည်ဆောက်ရေးနှင့် မီဒီယာ၏ အခန်းကဏ္ဍ” မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် လူငယ်များအနေဖြင့် နည်းပညာနှင့် နေ့စဉ်ထိတွေ့ ဆက်သွယ်ဆက်ဆံရကြောင်း၊ နည်းပညာခေတ်တွင် သတင်းများသည် အကန့်အသတ်မရှိ ထွက်ပေါ်လာကြောင်း၊ အချို့သော သတင်းမီဒီယာများသည် နိုင်ငံကို အမှောင်ထဲသို့ ကျအောင် ချောက်ချလျက်ရှိသည်ကို တွေ့ရကြောင်း၊ သတင်းတု၊ သတင်းမှားများကြောင့် မလိုလားအပ်သည့် ပြဿနာများစွာ ဖြစ်ပေါ်နေပါကြောင်း၊ သတင်းမှားများကို ခွဲခြားသိရှိရှောင်ရှားပြီး သတင်းမှန်များကို ကောင်းမွန်စွာ အသုံးချတတ်မည်ဆိုပါက မိမိတို့ နေ့စဉ်လူမှုဘဝအတွက် များစွာအကျိုးကျေးဇူးရှိမည်ဖြစ်ပါကြောင်း။

**များစွာအရေးကြီး**

အချို့သော သတင်းများသည် စိတ်ခံစားမှုကို အခြေမခံသင့်ဘဲ ဦးနှောက်နှင့် ချင့်ချိန်စဉ်းစားသင့်ပါကြောင်း၊ စိတ်ခံစားမှုများလာပါက အမှားကို အမှန်ထင်တတ်ကြောင်း၊ နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို သိရှိနားလည်စေရန်အတွက် မီဒီယာအခန်းကဏ္ဍသည် များစွာ အရေးကြီးပါကြောင်း၊ လူငယ်များသည် နောင်အနာဂတ်အတွက် နိုင်ငံ့တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ရမည့်သူများဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေဖြင့် အတွေးအခေါ်မမှားရန်နှင့် လမ်းမှား မရောက်စေရန်သည် အလွန်အရေးကြီးပါကြောင်း၊ အတွေးအခေါ် အမြော်အမြင်နှင့် ပြည့်စုံသည့် လူငယ်များဖြစ်ရန် ပညာရေး၏ အခန်းကဏ္ဍသည် များစွာအရေးကြီးပါကြောင်း။

လူငယ်ကဏ္ဍသည် အရေးကြီးသည့်အတွက် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း လူငယ်ကဏ္ဍကို အလေးထားပြီး မြှင့်တင်ပေးလျက်ရှိပါကြောင်း၊ ယနေ့ မြန်မာနိုင်ငံတွင် အချို့လူငယ်များသည် အတွေးအခေါ် အယူအဆများ လွဲမှားနေသည့်အတွက် လမ်းမှားသို့ ရောက်နေကြပါကြောင်း၊ တည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှုကို ဆောင်ရွက်ကာ လူငယ်များက တိုင်းပြည်တည်ဆောက်ရေးတွင် ကြိုးပမ်း ဆောင်ရွက်သင့်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ဘွဲ့ရပြီး နိုင်ငံ့တာဝန်ထမ်းဆောင်ချိန်တွင် နိုင်ငံ့အရေးကို ပါဝင်ဆောင်ရွက်စေလိုကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ အရေးကြီးပုံကို သိရှိနားလည်စေလိုပါကြောင်း၊ နိုင်ငံတော်၏ စေတနာမှန်ကို နားလည်လက်ခံသိရှိပြီး နိုင်ငံ့ကောင်းကျိုးကို ရှေးရှုဆောင်ရွက်စေလိုပါကြောင်း၊ နိုင်ငံတော်၏အဖိုးတန်ရတနာများဖြစ်သည့် ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်က အားကိုးအားထားပြုထိုက်သည့် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

**အားကောင်းအောင်ဆောင်ရွက်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က မီဒီယာ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင် သုံးရပ်ကို ထိန်းကျောင်းပေးနေသည်မှာ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာဖြစ်ပါကြောင်း၊ ထို့ကြောင့် သတင်းမီဒီယာကဏ္ဍကို အားကောင်းအောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သတင်းမှန်များကိုသာ စားသုံးသင့်ပြီး သတင်းမှားများကို အဆိပ်အတောက်ကဲ့သို့ သတ်မှတ်ရန် လိုအပ်ကြောင်းနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် အရေးကြီးသည့် လူ့အရင်းအမြစ်ဖြစ်သည့်အတွက် မိမိတို့ရရှိသိရှိထားသည့် သတင်းများကို နိုင်ငံတော်တည်ဆောက်ရေးအတွက် ကောင်းမွန်စွာ အသုံးချစေလိုပါကြောင်း ပြောကြားသည်။

**သီဆိုဖျော်ဖြေ**

ဆက်လက်၍ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက “အနာဂတ်မြန်မာသို့” တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား MRTV DTH စလောင်း ငါးစုံနှင့် DVB T2 Set Top Box အလုံး ၁၀၀ တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မန္တလေး)၊ ဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ဆေးဝါးတက္ကသိုလ်၊ မန္တလေးသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ပုသိမ်ကြီး)၊ ဆေးဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း တက္ကသိုလ်ကောလိပ် ၁၂ ခုတို့မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၉၀ တက်ရောက်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Mingalar Mandalay Shopping Complex ရှိ Lotus Plaza ဧရိယာတွင် New Starlight Group of Companies မှ တရုတ်ရိုးရာနှစ်သစ်ကူး အထိမ်းအမှတ်အဖြစ် စတုဒိသာ လှူဒါန်းခြင်းအစီအစဉ်သို့ ပါဝင်တက်ရောက်ပြီး ယင်း Complex ရှိ ဈေးဝယ်ဧရိယာများ၊ Shopping Centre များ၊ Recreation Zone များသို့ မြို့နေပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက် ဝယ်ယူအားပေးနေမှုများကို ကြည့်ရှုခဲ့သည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးရှိ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် ရဲမှုထမ်းဟောင်းများအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အငြိမ်းစားဝန်ထမ်းဟောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ကြီးကြပ်သူများ စုစုပေါင်း ၇၉ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။ **(ယာပုံ)**



ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အငြိမ်းစားဝန်ထမ်းများနှင့် ရဲမှုထမ်းဟောင်းများသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူး အငြိမ်းစားဝန်ထမ်းများနှင့် ရဲမှုထမ်းဟောင်းများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ် ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အဦများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်( အောက်မြန်မာပြည်)၌ ဝန်ထမ်းများနှင့် သင်တန်းသားသင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်သည် ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ သင်တန်းတက်ရောက်လျက်ရှိသည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်း သင်တန်းသား၊ သင်တန်းသူများ၊ တက္ကသိုလ်ရှိ သင်ကြားရေးနှင့် အုပ်ချုပ်မှုဌာန အသီးသီးမှ ဆရာ၊ ဆရာမ နိုင်ငံ့ဝန်ထမ်းများကို ရတနာသိင်္ဃခန်းမ၌ တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။ **(ယာပုံ)**



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဦးအောင်သော်က အစိုးရကဦးဆောင်ချမှတ်သည့် လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် **အင်အားကောင်းသော၊ လုပ်ငန်းကျွမ်းကျင်မှုရှိသော၊ စည်းကမ်းရှိသော၊ စနစ်တကျ ဆောင်ရွက်နိုင်စွမ်းရှိသော** နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ၏ စွမ်းအားသည် အရေးကြီးဆုံးသော ကနဦးလိုအပ်ချက် တစ်ချက်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝကို အကာအကွယ်ပေးရန် အင်အားကောင်းသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ မဖြစ်မနေလိုအပ်ပါကြောင်း၊ ပြည်သူလူထုနှင့် နိုင်ငံတော်ကို အကျိုးပြုရန်အတွက် စနစ်တကျ ဖွဲ့စည်းထားသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းမှတစ်ဆင့် ကောင်းမွန်သော အစိုးရဖြစ်လာစေရန် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ **ဝန်ထမ်းကောင်းမှနိုင်ငံကောင်းမည်ဆိုသည့်** ဆောင်ပုဒ်ကို အခြေခံအုတ်မြစ်တစ်ခုအဖြစ် ချမှတ်ထားသည်ကို သိကြစေလိုကြောင်း၊ မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဩဇာအာဏာ ထူထောင်ရန်မဟုတ်ဘဲ ပြည်သူလူထုအကျိုးကိုသာ ရှေးရှုပြီး အာဏာကိုကန့်သတ်ရန်၊ အာဏာကို ဖြန့်ခွဲရန် စသည့်ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်ရန်လိုကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ၏ အနှစ်သာရသဘောတရားများနှင့်အညီ အစိုးရအဖွဲ့၏ မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများ **ရွေးချယ်ဖွဲ့စည်း၊ လေ့ကျင့်၊ ပြုစုပျိုးထောင်ပေးရေး၊ တည်ငြိမ်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံတော်တည်ဆောက်ရေးသည် လွန်စွာအရေးကြီး**ပါကြောင်း၊ သို့အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များကို ဖွဲ့စည်းပြီး **စည်းကမ်းရှိ၍ စနစ်တကျ လုပ်ဆောင်နိုင်သော နိုင်ငံ့ဝန်ထမ်း အမှုထမ်း၊ အရာထမ်းများဖြစ်စေရန်၊ ဌာနဆိုင်ရာအလိုက် သီးခြားလိုအပ်သည့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ သင်ကြားလေ့ကျင့်ပေးပြီး ကဏ္ဍနယ်ပယ်အလိုက် ကျွမ်းကျင်မှုရှိသော ဝန်ထမ်းများကို လေ့ကျင့်မွေးထုတ်ပေးရန်နှင့် သီးခြားစီ တာဝန်ခွဲဝေဆောင်ရွက်လျက်ရှိသော လုပ်ငန်းကဏ္ဍများကို ဆက်စပ်ဆောင်ရွက်နိုင်ရန်အတွက် စီမံအုပ်ချုပ်မှု ယန္တရားဖွဲ့စည်းတည်ဆောက်ပေးရန်** ဟု ရည်မှန်းချက်များထားရှိဖော်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လေ့ကျင့်သင်ကြားရေးအပိုင်းတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ တာဝန်ယူသည့်ကာလအတွင်း နိုင်ငံ့ဝန်ထမ်း စုစုပေါင်း ၃၇၅၁၄ ဦးကို လေ့ကျင့်ပြုစု ပျိုးထောင်ပေးနိုင်ခဲ့ပါကြောင်း၊ သင်တန်း တက်ရောက်ရန်အတွက် ဝန်ထမ်း၏ ကျန်းမာရေးကို ဂရုတစိုက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ်အတွင်း သွားလာရေးအခက်အခဲကြောင့် သင်တန်းသား ၂၉၇ ဦး ကင်းလွတ်ခွင့်ပေးခဲ့ပြီး ကျန်းမာရေးကိစ္စကြောင့် စနစ်တကျ ဆေးကုသခံယူရန် သင်တန်းကင်းလွတ်ခွင့်ဖြင့် ၇၃ ဦး ပြန်လည်စေလွှတ်ခဲ့ပါကြောင်း၊ **နိုင်ငံ့ဝန်ထမ်းများ၏ ကာယကျန်းမာရေးနှင့် စိတ်ကျန်းမာရေးကိုလည်း မျက်ခြည်မပြတ် မိဘသဖွယ် ဆောင်ရွက်ပေးနေသည်**ကို သိရှိကြစေလိုပြီး တစ်ဦးချင်းစီမှလည်း **ကာယကျန်းမာရေးနှင့် စိတ်ကျန်းမာရေး ကောင်းမွန်ပြည့်စုံနေရန် ကိုယ်စီ ထိန်းသိမ်းကြရမည်** ဟူသော အသိရှိနေရန်လိုပါကြောင်း။

မိမိတို့နိုင်ငံအပေါ်မှာ အခွင့်အရေးယူလိုသော နိုင်ငံများ၊ မဟာဗျူဟာအရ အသုံးချလိုသော အင်အားကြီးနိုင်ငံများ၊ နိုင်ငံရေးမျိုးစေ့မမှန်သော ပြည်တွင်းမှ အခွင့်အရေးသမားများ ပေါင်းစပ်မိပြီး ပေါ်ထွက်လာခဲ့သည့် အကြမ်းဖက် အကျပ်ကိုင်ခဲ့မှုများကြောင့် မတည်မငြိမ်ဖြစ်ပြီး ကျဆင်းခဲ့ရသည့် ကျန်းမာရေးဆိုင်ရာ ပြုစုစောင့်ရှောက်ကုသမှုလုပ်ငန်းများ၊ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းကောင်းဖန်တီးပေးနိုင်မှု အခြေအနေများနှင့် ကသောင်းကနင်း ဖြစ်လျက်ရှိသော အခြေအနေအရပ်ရပ်ကို ပြန်လည်တည်မတ်နိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် လုံခြုံရေးဆိုင်ရာ အချို့သော အကျပ်အတည်းများကြားမှ ပြည်သူလူထု၊ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း။

တစ်ချိန်က အရှေ့တောင်အာရှတွင် အင်အားကြီးသောလက်နက် နိုင်ငံတော်တစ်ခုဖြစ်ခဲ့ရာမှ အားနည်းသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း၊ မပီပြင်သည့် စီမံအုပ်ချုပ်ရေး အခြေအနေ ဖြစ်ပေါ်ခဲ့ချိန်များတွင် အချုပ်အခြာအာဏာ ဆုံးရှုံးရသည်အထိ ဖြစ်ခဲ့သည့် သမိုင်းကို မမေ့ရန်လိုကြောင်း၊ နောက်ထပ် အလားတူ အမှားမျိုး ထပ်မံမဖြစ်ပေါ်စေရန် စနစ်တကျ အားကောင်းသော စီမံအုပ်ချုပ်မှုစနစ် (နိုင်ငံ့ဝန်ထမ်းစနစ်) တည်ဆောက်ရန် ဝိုင်းဝန်းကြိုးပမ်းသွားရန် လိုအပ်ကြောင်း။

သို့အတွက် မှန်မြတ်သော တာဝန်များကို ထမ်းဆောင်နိုင်ရန် ဝန်ထမ်းတစ်ဦးချင်းစီကလည်း မိမိတို့၏ ကိုယ်ကာယကျန်းမာရေး၊ စိတ်ကျန်းမာရေးကို ပြုစုပျိုးထောင်ကြရန်နှင့် သမိုင်းသင်ခန်းစာများကိုသိရှိကြပြီး မိမိတို့ တာဝန်ထမ်းဆောင်သော ဝန်ထမ်းအဖွဲ့အစည်းများ ခိုင်မာအားကောင်းပြီး ပြည်သူလူထုနှင့် နိုင်ငံတော်မှ အားကိုးအားထားပြုထိုက်သူများ ဖြစ်စေရန် ဆရာ၊ဆရာမများ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် အမြဲအမှတ်တရ သတိထားကြိုးစားသွားကြရန် တိုက်တွန်းမှာကြားပြီး တက်ရောက်လာကြသော ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်တွင်းစားသုံးဆီဖူလုံသုံးစွဲနိုင်ရေးအတွက် ဆီထွက်သီးနှံများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်တွင်းစားသုံးဆီ ဖူလုံသုံးစွဲနိုင်ရေးအတွက် ဆီထွက်သီးနှံများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၅)၌ ကျင်းပပြုလုပ်ရာ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာ ကံဇော်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးထွန်းအုံနှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စိုက်ပျိုးထုတ်လုပ်သော ဆီထွက်သီးနှံများကို ကြိတ်ခွဲရရှိလာသည့် စားသုံးဆီများ ပြည်တွင်းဖူလုံမှုရှိစေရန် လိုအပ်ချက်များ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်ပါဝင်သော စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီကို နိုင်ငံတော်အစိုးရက လုပ်ငန်းတာဝန်(၉)ရပ်သတ်မှတ်၍ ဖွဲ့စည်းပေးခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးအား နေကြာသီးနှံကို အဓိကသတ်မှတ်ဆောင်ရွက်ခဲ့သည်။ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုအားကောင်းစေရန်နှင့် နိုင်ငံတစ်ဝန်းရှိ တောင်သူများအားလုံး ပါဝင်လုပ်ကိုင်နိုင်ကြစေရေးအတွက် ယခုနှစ်မှစတင်ကာ မြေပဲ၊ နှမ်း၊





နေကြာဆီထွက်သီးနှံသုံးမျိုးလုံးအတွက် စီမံကိန်းရေးဆွဲဆောင်ရွက်ခဲ့ပြီး နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မြေပဲတစ်ဧက သုံးသိန်း၊ နှမ်းတစ်ဧက ၁ ဒသမ ၅ သိန်းနှင့် နေကြာတစ်ဧက နှစ်သိန်းနှုန်းနှင့် ညီမျှသော သွင်းအားစုကိုထောက်ပံ့ပြီး ဆီစက်လုပ်ငန်းရှင်များနှင့် သီးနှံပေးသွင်းမှုစာချုပ် ချုပ်ဆိုဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်တွင်းဆီထွက်သီးနှံများမှ ကြိတ်ခွဲရရှိသည့် စားသုံးဆီများဖြင့် ပြည်တွင်းလိုအပ်ချက် လုံလောက်စေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်စေရန်နှင့် ပြည်တွင်းစားသုံးဆီလုံလောက်စေရန် ဆောင်ရွက်ရမည့် အထူးအစီအမံများ၊ လျာထားဆောင်ရွက်ချက်များအား အစည်းအဝေးတွင် တင်ပြဆွေးနွေးခဲ့ကြပြီး ဝန်ကြီးဌာနများနှင့် ကော်မတီဝင်များ၏ သုံးသပ်အကြံပြုဆွေးနွေးခဲ့ကြကာ တိုင်းဒေသကြီးပြည်နယ်အစိုးရအဖွဲ့များ၊ အဆင့်ဆင့်သော စိုက်ပျိုးရေးဦးစီးဌာနမှူးများ၊ ဆီထွက်သီးနှံတောင်သူများအားလုံး ပူးပေါင်းပါဝင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄) ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီ (National Renewable Energy Committee-NREC)၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) ရဲရွှာခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက နိုင်ငံတော်၏ လျှပ်စစ်နှင့် စွမ်းအင်လိုအပ်ချက်ကို ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်ရာ၌ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှုနည်းပါးသည့် ပြန်ပြည့်မြဲစွမ်းအင်(Renewable Energy) ကို တိုးမြှင့်အသုံးပြုနိုင်ရေးသည် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိရာ လက်ရှိဓာတ်အားစနစ်တွင် ဓာတ်အားထုတ်လုပ်မှုအရင်းအမြစ် အချိုးအစား (Generation Mix) အနေဖြင့် ရေအား (Hydropower) မှ ၄၇ ဒသမ ၆ ရာခိုင်နှုန်း၊ နေရောင်ခြည်စွမ်းအင် (Solar and RE) ဖြင့် ၁ ဒသမ ၇ ရာခိုင်နှုန်း၊ အပူစွမ်းအင် (Gas+ LNG+ Coal)မှ ၅၀ ဒသမ ၇ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ လက်ရှိအချိန်အထိ တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အား ရရှိမှုအချိုး (Electrification Ratio) မှာ ၆၆ ဒသမ ၆၇ ရာခိုင်နှုန်းကျော် ရရှိသုံးစွဲနေကြပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်ထားပြီးသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံ ခြောက်ရုံရှိပြီး တည်ဆောက်ဆဲ စီမံကိန်း ၁၁ ခုရှိပါကြောင်း၊ NREC ကော်မတီ၏ ကြိုးပမ်းဆောင်ရွက်မှုများသည် လျှပ်စစ်ကဏ္ဍတွင် ပြန်ပြည့်မြဲစွမ်းအင်မှ ဓာတ်အား တိုးတက် ထုတ်လုပ်နိုင်ရေးနှင့် Green Growth, Green Energy, Green Economy ဖြစ်စေရေးတွင် တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ပြန်ပြည့်မြဲစွမ်းအင်ကို နည်းပညာအသစ်ဖြင့် ဆောင်ရွက်မှုအရ ထုတ်လုပ်မှုစွမ်းအားနှင့် ဈေးနှုန်းသင့်လျော်မှု ရှိခြင်းတို့ကြောင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာမည်ဆိုပါက ပြန်ပြည့်မြဲစွမ်းအင်၏ အချိုးအစားသည် တိုးတက်လာမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် NDC အရ Conditional Target ကို ပြည့်မီစေရန် စိန်ခေါ်မှုများနှင့် အတားအဆီးအချို့ရှိပါကြောင်း၊ နိုင်ငံတော်၏ မူဝါဒပန်းတိုင်သို့ ရောက်ရှိနိုင်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များ၊ နည်းပညာဆိုင်ရာ ပံ့ပိုးမှုများနှင့် လူသားအရင်းအမြစ်များ အရေးတကြီးလိုအပ်ပါကြောင်း၊ တက်ရောက်လာကြသော အဖွဲ့ဝင်များအနေဖြင့် မိမိတို့ဌာန၊ အဖွဲ့အစည်းများတွင် ပြန်ပြည့်မြဲစွမ်းအင် ဆောင်ရွက်ထားရှိမှုများကို ထပ်ဆင့်မျှဝေပေးကြရန်နှင့် ကော်မတီ၏ ရည်မှန်းချက် အောင်မြင်စေရန် ဝိုင်းဝန်းအကြံပြု ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ သို့ပါ၍ တက်ရောက်လာသည့် ကော်မတီဝင်များ၏ ဆွေးနွေးမှုများမှ NREC ကော်မတီ၏ အနာဂတ်ရည်မှန်းချက်များအတွက် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး ကောင်းမွန်သော ရလဒ်များရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ပြန်ပြည့်မြဲ စွမ်းအင်ဆိုင်ရာ ကော်မတီ အတွင်းရေးမှူးက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် NREC အထောက်အကူပြု လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီအဖွဲ့ဝင်များနှင့် အစည်းအဝေး တက်ရောက်လာသူများက မိမိတို့ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပြီး အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျော့ဖုံးမှ*

သုံးရက်ပေါင်းရိုက်ချက် ၁၉၇ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျှော့ရိုက်ကာ ပထမ၊ သိန်းနိုင်စိုး (HAN Golf Academy) နှင့် ရာဇာ (MGG) တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၀ ဖြင့် သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ကာ ဒုတိယနေရာတွင်လည်းကောင်း၊ Senior Pro ဆင့်တွင် မင်းနိုင်က နှစ်ရက်ပေါင်းရိုက်ချက် ၁၃၉ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ပြီး ပထမ၊ ကျော်မိုးက နှစ်ရက်ပေါင်းရိုက်ချက် ၁၄၄ ချက်ဖြင့် ဒုတိယ၊ အိုက်ပန်းက နှစ်ရက်ပေါင်းရိုက်ချက် ၁၄၆ ချက်ဖြင့် တတိယနေရာတွင်လည်းကောင်း အသီးသီးရပ်တည်လျက်ရှိသည်။

ပြိုင်ပွဲ နောက်ဆုံးနေ့နှင့် ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် **(ယနေ့)** ဆက်လက် ကျင်းပမည်ဖြစ်သည်။

**ကိုညီလေး**

**ဓာတ်ပုံ-MGF**

# အင်းစိန်မြို့နယ်အတွင်းရှိ စက်ရုံများသို့ သင်ထောက်ကူမော်တော်ယာဉ်ဖြင့် အလုပ်သမားများ၏ ဥပဒေပါ ရပိုင်ခွင့်များဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ သင်ထောက်ကူမော်တော်ယာဉ်ဖြင့် အလုပ်သမားများ၏ ဥပဒေပါ ရပိုင်ခွင့်များဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီမှစတင်ကာ အင်းစိန်မြို့နယ် ရွှေပြည်သာစက်မှုဇုန်(၃)ရှိ Yangon Crown Co.,Ltd (ဝိုင်ယာကြိုးစက်ရုံ)နှင့် ရွှေပြည်သာ စက်မှုဇုန်(၄)ရှိ Zhongrun Myanmar Garment Co.,Ltd (ကျိုရစ်မြန်မာအထည်ချုပ်စက်ရုံ) တို့၌ ကျင်းပသည်။

စက်ရုံများရှိ အလုပ်သမားများ၏ ဥပဒေပါ ရပိုင်ခွင့်များဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲတွင် အလုပ်သမားဝန်ကြီးဌာန အင်းစိန်ခရိုင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်၊ ဦးစီးအရာရှိ ဦးဝင်းသူနှင့် ဒေါ်သိမ့်သိမ့်စိုးတို့က အလုပ်ရှင်နှင့် အလုပ်သမားများအား အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များဖြစ်သော အလုပ်ချိန်၊ နားချိန်၊ နားရက်၊ အချိန်ပို၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ လုပ်ခလစာ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာ စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး စက်ရုံများရှိ အလုပ်သမားများအား အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်အမျိုးအစားအလိုက် ထုတ်လုပ်မှုလုပ်ငန်း စာရင်းပြုစုရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၈

**စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်အမျိုးအစားအလိုက် ထုတ်လုပ်မှုလုပ်ငန်း စာရင်းပြုစုရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် စက်မှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၏ မူရင်းထုတ်ကုန်အမယ်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များအလိုက် ဆောင်ရွက်သင့်သော စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်အမယ် ၆၁၂ မျိုး၏ စာရင်းကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမှန်တကယ်မူလအခြေခံရှိပြီး ဈေးကွက်ရရှိထားသော ဒေသထုတ်ကုန်များကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ MSME များအနေဖြင့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ် (Work Plan)၊ ပြီးစီးအောင် ဆောင်ရွက်မည့်ကာလ (Time Line) တို့ကို စနစ်တကျ ပြုစုရေးဆွဲပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အထောက်အကူပြုနိုင်သော အလားအလာရှိသည့် အမှန်တကယ် အလုပ်လုပ်ကိုင်သော လုပ်ငန်းများကိုသာ ရွေးချယ်၍ ချေးငွေထုတ်ပေးပြီး တွန်းအားပေးဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် အမှန်တကယ် ဆောင်ရွက်ခြင်း ရှိ/မရှိ ကိုလည်း ပြန်လည်သုံးသပ်စစ်ဆေးရန်လိုကြောင်း၊ စိုက်ပျိုးရေနှင့် မြေရရှိရေး၊ နည်းပညာ၊ အရင်းအနှီးနှင့် ဈေးကွက်ရရှိရေးတို့အပေါ် ကူညီဆောင်ရွက်နိုင်ရန် တင်ပြသော်လည်း ချက်ချင်းလက်ငင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကိုသာ ရွေးချယ်ပေးရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က One Reign One Product အနေဖြင့် ဒေသတစ်ခုမှသည် တစ်နိုင်ငံလုံး လွှမ်းခြုံပြီး ပြည်ပသို့ တင်ပို့နိုင်သည်အထိ အလားအလာရှိသည့် MSME ထုတ်ကုန်ပစ္စည်းများကို ရွေးချယ်သင့်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြည်ပပို့ကုန်များအဖြစ် သစ်၊ ဝါးအခြေခံလုပ်ငန်းများ၊ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ၊ ကြိမ်အချောထည်ပစ္စည်းများ၊ ဆားလုပ်ငန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရန် လိုကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် One Reign One Product ထုတ်ကုန်များကို ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့ ထုတ်လုပ်တင်ပို့နိုင်မည့် ထုတ်ကုန်အမယ်သစ်များ ဖြစ်သင့်ကြောင်း၊ ထုတ်လုပ်သည့်ကုန်ပစ္စည်းများတွင် "မြန်မာပြည်တွင် ထုတ်လုပ်သည်" (Made in Myanmar) တံဆိပ်ကပ်နှိပ်နိုင်သည့် ထုတ်ကုန်အမယ်များကို ဦးစားပေးသင့်ကြောင်း၊ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင် လိုအပ်သော နည်းပညာ၊ သယ်ယူပို့ဆောင်မှု၊ ရောင်းချဖြန့်ဖြူးမှု၊ ပြည်ပသို့တင်ပို့မှုနှင့်ပတ်သက်၍ ချမှတ်ထားသည့် မူဝါဒ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရာတွင် ကြန့်ကြာမှုမရှိစေရေး ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမှသာ MSME လုပ်ငန်းများ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယခုပြုစုထားရှိသော စာရင်းများသည် ဝန်ကြီးဌာနများမှ အဆိုပြုထားသည့် သဘောထားမှတ်ချက်များနှင့် အသုံးအနှုန်းများဖြင့် သော်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများ၏ သဘောထားမှတ်ချက်များနှင့် စာရင်းဇယားအချက်အလက်များပေါ်တွင် မူတည်ပြီး မူလကပြုစုထားသည့် ထုတ်ကုန်အမယ် ၂၂၂ မျိုးအား ဖြည့်စွက်၍ ထုတ်ကုန်အမယ် ၆၁၂ မျိုးကို ပြန်လည်ပြုစုတင်ပြခြင်းဖြစ်ကြောင်း၊ ဆန်မှ ထုတ်လုပ်သည့် မူရင်းထွက်ကုန် ဆန်၊ စပါး၊ ဖွဲနု သုံးမျိုးတွင် အဆင့်(၁)တန်ဖိုးမြှင့်ထုတ်ကုန် ပေါင်းဆန်၊ မုန့်မျိုးစုံ၊ ကြာဆံ၊ မုန့်တီ/မုန့်ဖတ်၊ ခေါက်ဆွဲ၊ အရက်၊ မြူစွမ်နှင့် ဆန်မှုန့်ဟူ၍ ရှစ်မျိုး၊ အဆင့်(၂)တန်ဖိုးမြှင့် ထုတ်ကုန် အာဟာရဖြည့် ဆန်/ဆီးချိုဆန်၊ အသင့်စားဆန်ပြုတ်၊ မုန့်တီ/ မုန့်ဖတ်ခြောက်၊ တိရစ္ဆာန်အစာ၊ ဆန်လှော်မှုန့်နှင့် ခေါက်ဆွဲခြောက်ဟူ၍ ခြောက်မျိုး ဖြည့်စွက်၍ ပြုစုထားကြောင်း၊ ကောက်ညှင်းအခြေခံသော စားသောက်ကုန်တွင် အဆင့်(၁) တန်ဖိုးမြှင့် ထုတ်ကုန် မုန့်မျိုးစုံ၊ ကောက်ညှင်းအရက်၊ အဆင့်(၂) တန်ဖိုးမြှင့်ထုတ်ကုန် ကောက်ညှင်းခြောက်နှင့် ကောက်ညှင်းမှုန့်ဟူ၍ ထပ်မံဖြည့်စွက်ထားကြောင်း၊ အသားနှင့်ပတ်သက်၍ မူရင်းတိရစ္ဆာန်အမျိုးအစားတွင် နွားနောက်အား ထပ်မံဖြည့်စွက်ထားပြီး တန်ဖိုးမြှင့်ထုတ်ကုန် အဆင့်(၁)အနေဖြင့် အသားခြောက်၊ ကြက်အူချောင်း၊ ဝက်အူချောင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်၊ အဆင့်(၂)တွင် အေးခဲအသား၊ စည်သွတ်ဘူး၊ အသားမွှကြော်၊ အသင့်စားအသားကြော်များ၊ မူရင်းထုတ်ကုန် သားရေကို တန်ဖိုးမြှင့်ထုတ်ကုန် အဆင့်(၁) ဖိနပ်/အသုံးအဆောင်ဟူ၍ ထပ်မံဖြည့်စွက်ထားကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရန်ကုန်တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာစင်တာ (Center for Research and Innovation) ရှိ Innovative Biophysics Lab၊ Molecular Lab နှင့် Fish Nutrition Laboratory ခန်းများတွင် အသုံးပြုလျက်ရှိသည့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ လေ့ကျင့်ရေးအထက်တန်းကျောင်း (TTC) သို့ ရောက်ရှိပြီး ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ပြီး ဆရာ ဆရာမများနှင့် တွေ့ဆုံနှုတ်ဆက်ကာ သင်ကြားသင်ယူမှု ကိစ္စရပ်များ၊ စီမံကိစ္စရပ်များအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် နတ်ကြီးချောင်ကျေးရွာ၌ ကျင်းပသည့် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် အခြေခံပညာအထက်တန်းကျောင်း (နတ်ကြီးချောင်) ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်နိုင် ( ဟိန္ဒူဘာသာ) တို့သည် အိန္ဒိယနိုင်ငံ Maitry Peace Foundation က ပေးအပ်သော International Buddha Peace Award 2024 ဆုကို ရရှိခဲ့ပြီး ယင်းဆုကို အိန္ဒိယနိုင်ငံ ဗဟိုအစိုးရဝန်ကြီး Ramdas Athawale က Embassy Auditorium Chanakyapuri. New Delhi ၌ ပေးအပ်ချီးမြှင့်သည်။ ဆုချီးမြှင့်ပွဲသို့ အထူးဖိတ်ကြားထားသော Ven A.B Gyaneshwar နှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင် တို့ တက်ရောက်ခဲ့ပြီး ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏ ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က ကိုယ်စားလက်ခံရယူခဲ့သည်။ ဆုလက်ခံရယူပြီး ပြန်လည်ရောက်ရှိလာသော ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖေဖော်ဝါရီ ၇ ရက်က ကြိုဆိုနှုတ်ဆက်ကြစဉ်။ သတင်းစဉ်



ဖေဖော်ဝါရီ ၈ ရက်က ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဗဟိုစံပြငါးဈေး၊ ကမ်းနားဈေး၊ လဟာပြင်ညဈေးတို့တွင် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ထိုက် ဦးဆောင်၍ စီမံအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုလတ်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဌာနမှ တာဝန်ရှိသူများ လိုက်လံစစ်ဆေးစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၈

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါ ပွဲတော်ကြီးတွင် ပါဝင်ပြသကြမည့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြခန်းတာဝန်ရှိသူများက သက်ဆိုင်ရာပြခန်းများအလိုက် မိမိတို့ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာအစားအစာများကို ပြည်သူများအား ခင်းကျင်းပြသရောင်းချနိုင်ရေး စိတ်အားထက်သန်စွာဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ထိုကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ပြခန်းတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပွဲတော်အတွင်းပါဝင်ပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေနှင့် ခင်းကျင်းပြသရောင်းချသွားမည့် ဒေသထွက်ထုတ်ကုန်များ၊ ရိုးရာအစားအစာများနှင့် စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် တွေ့ဆုံမေးမြန်းရေးသားတင်ပြလိုက်ရပါသည်။


ဒေါ်ရီရီသန်း


ဦးတင်လှ


ဦးမျိုးလွင်


ဦးဆန်းထွဋ်ကို


ဦးကျော်မြင့်


ဒေါ်နွယ်နီထွန်း

**ဒေါ်ရီရီသန်း(စီးပွားရေးရာဝန်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့)**

ကျွန်မတို့ စစ်ကိုင်းတိုင်းဒေသကြီး MSME ထုတ်ကုန်အရောင်းပြခန်းမှာ လုပ်ငန်းရှင် ၃၃ ဦး ပါဝင်ပါတယ်။ ကျွန်မတို့ စစ်ကိုင်းစက်မှုဇုန်က တီထွင်ထုတ်လုပ်တဲ့ နှစ်ဘီးဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်တို့ကို ပြသသွားမှာဖြစ်ပါတယ်။ NCY ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားတဲ့ သီးနှံအခြောက်ခံစက်ကိုလည်း ပြသသွားမှာဖြစ်ပါတယ်။ ကျွန်မတို့ တိုင်းဒေသကြီးက ထွက်ရှိတဲ့ ပဲမျိုးစုံနဲ့ နန္ဒင်းမှုန့်၊ ငရုတ်သီးမှုန့်တွေကိုလည်း နိုင်ငံခြားကို တင်ပို့ရောင်းချပါတယ်။ အသေးစား စက်မှု၊ လက်မှုနဲ့ ပတ်သက်လို့ အညာဒေသထွက်ရှိတဲ့ ဖျင်ကြမ်း၊ ဖျင်ထည်၊ စားပွဲခင်း၊ အိပ်ရာခင်း၊ လက်သုတ်ပဝါ၊ အညာစောင်တွေကိုလည်း ခင်းကျင်းပြသ ရောင်းချသွားမှာ ဖြစ်ပါတယ်။ မြန်မာအမျိုးသမီးတိုင်းနှစ်သက်တဲ့ ရွှေဘိုနဲ့ အရာတော်ကထွက်ရှိတဲ့ သနပ်ခါးတွေကို တန်ဖိုးမြင့် ထုတ်ကုန်အနေနဲ့ ၂၉ မျိုး ခင်းကျင်းပြသရောင်းချပေးသွားမှာဖြစ်ပါတယ်။ One Region One Product အနေနဲ့ ဟုမ္မလင်းဒေသထွက်ကုန်ဖြစ်တဲ့ လက်ဖက်စို၊ လက်ဖက်ခြောက်ရယ်၊ နာမည်ကြီးတဲ့ ရွှေဘိုပေါ်ဆန်း ဆန်ရယ်၊ စစ်ကိုင်းစက်မှုဇုန်က ထုတ်လုပ်တဲ့ ပလတ်စတစ်ပစ္စည်းအမျိုးမျိုးတို့ကိုလည်း ပြသသွားမှာဖြစ်ပါတယ်။ ရိုးရာအစားအသောက်အနေနဲ့လည်း ကျွန်မတို့ တိုင်းဒေသကြီးကထွက်ရှိတဲ့ အစားအစာမျိုးစုံကိုလည်း ခင်းကျင်းပြသရောင်းချပေးသွားမှာဖြစ်ပါတယ်။ အခုလို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ဒေသထွက်ကုန်တွေကို ခင်းကျင်းပြသတဲ့အတွက် ဒေသထွက်ကုန်ချင်း ဖလှယ်လို့ရသလို တခြားဒေသတွေရဲ့ ထွက်ကုန်တွေကိုကြည့်ပြီး နည်းပညာနဲ့ တီထွင်ဆန်းသစ်မှုဗဟုသုတတွေ ရရှိစေပါတယ်။

**ဦးတင်လှ (တိုင်းရင်းသားရေးရာဝန်ကြီး ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့)**

ကျွန်တော်တို့က One Region One Product ဖြစ်တဲ့ ရခိုင်ပြည်နယ်ရဲ့ ဆန်စပါး၊ ရက်ကန်းအထည်နဲ့ ရေထွက်ပစ္စည်းတွေကိုလည်း ဒီအရောင်းပြခန်းမှာ ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်။ ရခိုင်ကမ်းရိုးတန်းဒေသမှာထွက်ရှိတဲ့ ဓနိတွေကို ယခင်ကဆိုရင် အမိုးအဖြစ်ပဲ အသုံးပြုခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် ဆေးဝါးအမျိုးမျိုးနဲ့ လက်ဖက်ခြောက်တို့ကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် အသုံးပြုနေပြီဖြစ်ပါတယ်။ ဓနိဝိုင်ကိုလည်း စမ်းသပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အခုလို ပြခန်းမှာ ခင်းကျင်းပြသရောင်းချခွင့်ရတဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ MSME လုပ်ငန်းရှင်တွေအနေနဲ့ ထုတ်ကုန်ပစ္စည်းနည်းပညာတွေ အချင်းချင်းဖလှယ်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**ဦးမျိုးလွင် (တာဝန်ခံ၊ ရှမ်းပြည်နယ် MSME ထုတ်ကုန်များအရောင်းပြခန်း)**

"တပ်မတော်သည် ရမ်းဗြဲမြို့တွင် အဆိပ်ငွေ့ဗုံးများ အသုံးပြုတိုက်ခိုက်ခြင်းမရှိသလို အခြားမည်သည့်တိုက်ပွဲများတွင်မှလည်း အဆိပ်ငွေ့ဗုံးများ အသုံးပြုတိုက်ခိုက်ခဲ့ခြင်းများ မရှိကြောင်း"၊ လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များသည် တိုက်ပွဲများတွင် တပ်မတော်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးထိခိုက်ဒဏ်ရာရမှု များပြားလာပါက ထိုကဲ့သို့ ဝါဒဖြန့်ကောလာဟလသတင်းများကို လူမှုကွန်ရက်တွင် အချိန်ကိုက် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

# မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၃၆ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၄ ဒသမ ၇၈ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၃၆ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၄ ဒသမ ၇၈ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ယင်းမာပင်ကျေးရွာမှ ပျော်ဘွယ်မြို့နယ် တောင်ငူကျေးရွာသို့သွားသည့် တောင်ကြားလမ်း ကျွဲကျကျေးရွာ ချောင်းအနီး၌ သတင်းအရ စောင့်ဆိုင်းနေစဉ် ညနေ ၆ နာရီတွင်၎င်း ကြိုတင်သတင်းရရှိထားသည့် ကိုမျိုး၊ မျိုးမြင့်ထွန်းနှင့် ညွန့်ဝင်းတို့ သုံးဦးသည် မော်တော်ဆိုင်ကယ် သုံးစီးဖြင့် ရောက်ရှိလာ၍ ရှာဖွေရာ ဆာလာအိတ် ၁၅ အိတ်အတွင်းမှ ဆပ်ပြာခွက် ၃၃၀၀ ဖြင့်ထည့်လျက် ဘိန်းဖြူအလေးချိန် ၃၃ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဘိန်းဖြူများ သယ်ဆောင်ခိုင်းသူ ဆန်းဦး နှင့် ပူးပေါင်းပါဝင်သူ အောင်ထွန်းလင်း(ခ) ချစ်သဲတို့အား ယင်းနေ့ ည ၈ နာရီတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာတွင် မော်တော်ဆိုင်ကယ် တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ည ၈ နာရီခွဲတွင် သာစည်မြို့နယ် ယင်းမာပင်ကျေးရွာ၊ မြို့မကွက်သစ်ရပ်ရှိ ကိုမျိုး၏ နေအိမ်မှ ဆပ်ပြာခွက် ၂၁၇၈ ခွက်ဖြင့်ထည့်လျက် ဘိန်းဖြူအလေးချိန် ၂၁ ဒသမ ၇၈ ကီလိုကို ထပ်မံဖော်ထုတ်သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၃၆၉၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၅၄ ဒသမ ၇၈ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆက်လက်ဖော်ထုတ်ချက်အရ ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီတွင် ဘိန်းဖြူများသယ်ဆောင်ခဲ့သည့် ၂၂ ဘီးတွဲယာဉ် မောင်းနှင်သူ လွင်မိုးသူ (ခ) မိုးသူအောင်အား တောင်ကြီးမြို့နယ် အေးသာယာမြို့၌ ၎င်းယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ ဘိန်းဖြူများအား ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဇရပ်ကြီးမြို့အတွင်း လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိ အကြမ်းဖက်သောင်းကျန်းသူများက ပရဟိတလုပ်ငန်းသုံးယာဉ်များ အသုံးပြု၍ လက်နက်/ခဲယမ်း သယ်ဆောင်ခြင်းများ လုပ်ဆောင်နေ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးမြို့ရှိ နယ်မြေခံတပ်ရင်းအား ဖေဖော်ဝါရီ ၇ ရက်တွင် KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အင်အားအလုံးအရင်းဖြင့် လာရောက်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်မှ လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများ ရယူကာ အောင်မြင်စွာဖြင့် ရှုပ်ရှုပ်ချချ ပြန်လည်တွန်းလှန် တိုက်ထုတ်ခဲ့သည်ကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ယနေ့နံနက် ၆ နာရီခန့်တွင် ဇရပ်ကြီးမြို့အတွင်း အသေးစိတ်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဇရပ်ကြီးဒေသဖွံ့ဖြိုးရေးအတွက် အထူးအရေးပါသည့် ကျွဲပွဲ - ဇရပ်ကြီးသွား ကားလမ်းပေါ်ရှိစစ်တောင်းမြစ်ကူးတံတား (အရှည်ပေ ၁၂၀၀) သံကူကွန်ကရစ်အမျိုးအစား အများပြည်သူသွားလာ အသုံးပြုလျက်ရှိသော မြို့ဆိုးတံတားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၄ နာရီခွဲတွင် တပ်မတော်စစ်ကူစစ်ကြောင်းများ ဇရပ်ကြီးမြို့သို့ အချိန်မီမရောက်ရှိစေရေးအတွက် တံတားလုံခြုံရေးတပ်ဖွဲ့ဝင်များအား အင်အားသုံးပစ်ခတ်တိုက်ခိုက်၍ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ပြီးမှ ဇရပ်ကြီးမြို့အတွင်းရှိ နယ်မြေခံတပ်ရင်းအား အရဲဇွဲဦးဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်း ဇရပ်ကြီးမြို့ အရှေ့ဘက်အခြမ်းတွင် ရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ရာ ဇရပ်ကြီးမြို့အတွင်းနှင့် တပ်ရင်းဌာနချုပ်သို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် တိုက်ပွဲဖြစ်စဉ်များအတွင်း ကားလမ်းဘေးနေရာတစ်ခု၌ လမ်းဘေးထိုးကျ ပျက်စီးနေသည့် အလင်းစေတမန် ပရဟိတအသင်းလူနာသယ်ယာဉ်တစ်စီးကို တွေ့ရှိခဲ့ပြီး ယာဉ်အားရှင်းလင်းခဲ့ရာ ယာဉ်ပေါ်တွင် သောင်းကျန်းသူ အလောင်းအချို့နှင့် အသင့်ထုပ်ပိုးထားသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းအချို့တို့ကို သိမ်းဆည်းရရှိခဲ့သည်။ KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ပရဟိတလုပ်ငန်း ခေါင်းစဉ်အကြောင်းပြ၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် လက်နက်၊ ခဲယမ်းများ သယ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ငန်းတွင် ထိခိုက်ဒဏ်ရာရရှိသူများကို သယ်ယူပို့ဆောင်ခြင်း ဆောင်ရွက်လျက်ရှိကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

တစ်ချိန်တည်းတွင် ဇရပ်ကြီးမြို့ အနောက်ဘက် ကျေးရွာများအတွင်း လုံခြုံရေးလုပ်ငန်းများ အသေးစိတ်ဆောင်ရွက်ခဲ့ရာ သောင်းကျန်းသူများ ခိုအောင်းခဲ့ပြီး တပ်မတော်စစ်ကြောင်းများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားပြီးနောက် ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးရာတွင် ကျန်ရှိခဲ့သည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအား ကားလမ်းဘေး အဆောက်အဦအတွင်း သောင်းကျန်းသူအလောင်းအချို့နှင့်အတူ *စာမျက်နှာ ၁၇ သို့*





KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက တပ်မတော်စစ်ကြောင်းများ အချိန်မီမရောက်ရှိစေရန်အတွက် အများပြည်သူသွားလာအသုံးပြုလျက်ရှိသော ကျွဲပွဲ - ဇရပ်ကြီးသွား ကားလမ်းပေါ်ရှိ မြို့ဆိုးတံတားအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက တပ်မတော်စစ်ကြောင်းများ အချိန်မီမရောက်ရှိစေရန်အတွက် အများပြည်သူသွားလာအသုံးပြုလျက်ရှိသော ကျွဲပွဲ-ဇရပ်ကြီးသွား ကားလမ်းပေါ်ရှိ မြို့ဆိုးတံတားအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။






KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်၊ ခဲယမ်းများ သယ်ဆောင်လာသည့် ပရဟိတအမည်ခံ အလင်းစေတမန်ယာဉ်အား သိမ်းဆည်းရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်၊ ခဲယမ်းများ သယ်ဆောင်လာသည့် ပရဟိတအမည်ခံ အလင်းစေတမန်ယာဉ်အား သိမ်းဆည်းရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းခဲ့သည့် အဆောက်အဦအတွင်းမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းခဲ့သည့် အဆောက်အဦအတွင်းမှ သိမ်းဆည်းရမိခဲ့သည့် လက်နက် / ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းခဲ့သည့် အဆောက်အဦအတွင်းမှ သိမ်းဆည်းရမိခဲ့သည့် လက်နက် / ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးစဉ် မြို့တွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် ကျေနပ်မှုမရှိသည့် ပြည်သူများက ပေးပို့လာသည့် မှတ်တမ်းဓာတ်ပုံ။

# လားရှိုးမြို့ရှိ စန်းရှင်ဟိုတယ်အား KIO/KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့မှ ဆက်ကြေးကောက်ခံရာ ပေးဆောင်ခြင်းမရှိ၍ အကြမ်းဖက်မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

လက်နက်ကိုင်သောင်းကျန်းသူများ၊ အစွန်းရောက်အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော အပြစ်မဲ့အရပ်သားပြည်သူများနှင့် ရိုးသားစွာစီးပွားရှာဖွေလုပ်ကိုင်လျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်များအား လက်နက်အားကိုး၍ နိုင့်ထက်စီးနင်းပြုကာ အကြမ်းဖက်မှုများ လုပ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်း၊ လုယက်ဓားပြတိုက်ခြင်းနှင့် အခွန်ကောက်ခံသည်ဟု အကြောင်းပြကာ မတရားဆက်ကြေးကောက်ခံခြင်းများ ပြုလုပ်လျက်ရှိပြီး ၎င်းတို့၏လိုလားချက်အပေါ် လိုက်ပါဆောင်ရွက်ခြင်းမရှိပါက လူပြန်ပေးဆွဲခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းနှင့် မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက် ညနေ ၄ နာရီမိနစ် ၄၀ တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၇) နယ်မြေ(၁၁) သုခလမ်းရှိ စန်းရှင်ဟိုတယ်ရှေ့တွင် ဒေသန္တရမိုင်းဟုယူဆရသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မိုင်းပေါက်ကွဲမှုကြောင့် အဆိုပါဟိုတယ်မှ လုံခြုံရေးဝန်ထမ်းဖြစ်သူ ဦးဆေးပလယ်(၂၇)နှစ်၊ ရပ်ကွက်(၇) နယ်မြေ(၁၀)နေသူတွင် ယာလက်ကောက်ဝတ် မိုင်းစထိမှန်ဒဏ်ရာ တစ်ချက်နှင့် ဟိုတယ်ရှေ့မှ ဖြတ်သန်းသွားလာသူ မချောစုအောင် (၁၈)နှစ်၊ ရပ်ကွက်(၅) နယ်မြေ(၄)နေသူတွင် လည်ပင်းအရှေ့ ဖောက်ဝင်ဒဏ်ရာ တစ်ချက်၊ ဝဲဘက်ညိုသကြီး ဖောက်ဝင်ဒဏ်ရာ တစ်ချက်တို့ ရရှိထားသည်ကို တွေ့ရှိရသဖြင့် ဆေးဝါးကုသနိုင်ရေး လားရှိုးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့သည်။



မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ဆိုင်ကယ်။




မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများဖြစ်ကြသည့် ဦးဆေးပလယ်(၂၇)နှစ်နှင့် မချောစုအောင် (၁၈)နှစ်။



လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၁)၊ သုခလမ်းရှိ စန်းရှင်ဟိုတယ်သို့ KIO/KIA လက်နက်ကိုင်သောင်းကျန်းသူများမှ ၃.၂.၂၀၂၄ ရက်စွဲဖြင့် ပေးပို့ခဲ့သည့် ဆက်ကြေးတောင်းသည့်စာ။



ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ။

ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် အနီးပတ်ဝန်းကျင်ရှိ မျက်မြင်သက်သေများ၏ ထွက်ဆိုချက်နှင့် လုံခြုံရေးအထောက်အကူပြုမှတ်တမ်းများအား စိစစ်ချက်အရ အမျိုးသား နှစ်ဦးသည် KENBO 110 ဆိုင်ကယ်ဖြင့် ဟိုတယ်ရှေ့သို့ရောက်ရှိလာပြီး ဆိုင်ကယ်အား ဟိုတယ်ရှေ့လမ်းဘေးတွင် ရပ်ထားခဲ့ကာ ၎င်းတို့ နှစ်ဦး ပြန်လည်ထွက်ခွာသွားပြီးမကြာမီ အဆိုပါဆိုင်ကယ်မှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

စိစစ်ချက်အရ ဖေဖော်ဝါရီ ၃ ရက် ရက်စွဲဖြင့် KIO/KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့မှ အဆိုပါ မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် စန်းရှင်ဟိုတယ်သို့ လိပ်မူပြီး ၎င်းတို့အဖွဲ့ထံ ဖေဖော်ဝါရီ ၅ ရက် မတိုင်မီ အခွန်ငွေအား မပျက်မကွက်လာရောက်ပေးသွင်းရန်နှင့် လာရောက်ဆက်သွယ် ပေးသွင်းခြင်းမရှိပါက ပြင်းထန်စွာအရေးယူမည်ဟု ခြိမ်းခြောက်ရေးသားထားသော ဆက်ကြေးကောက်ခံသည့် အကြောင်းကြားစာအား လာရောက်ပေးပို့ခဲ့ပြီး ဟိုတယ်မှပေးသွင်းခြင်းမရှိသဖြင့် ယခုကဲ့သို့ အကြမ်းဖက်မိုင်းထောင်ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် အဆိုပါ KIO/ KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့မှ အကြမ်းဖက်ဖောက်ခွဲခဲ့သူ အမျိုးသား နှစ်ဦးအား လားရှိုးမြို့မရဲစခန်းတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က)/၅၀(ဈ)/၅၄ နှင့် အမှုဖွင့်လှစ်ပြီး တရားခံများ ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၆ မှ*

ထပ်မံသိမ်းဆည်း ရရှိခဲ့သော်လည်း သောင်းကျန်းသူ အလောင်းများမှာ ပုံဖြင့်ဖော်ပြရန် မသင့်သဖြင့် ချန်လှပ်ထားခဲ့ပါသည်။

အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် တပ်မတော်စစ်ကြောင်းများ၏ တိုက်ခိုက်မှု၊ လေကြောင်းပစ်ကူနှင့် လက်နက်ကြီး ပစ်ကူပေးမှုတို့ကြောင့် အထိနာစွာဖြင့် ဆုတ်ခွာထွက်ပြေးရာတွင် မြို့တွင်းရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ရာ ကျေနပ်မှုမရှိသည့် ဒေသခံပြည်သူအချို့၏ ရိုက်ကူးထားသော မှတ်တမ်းဓာတ်ပုံများကို နာကြည်းမှုဖြင့် ပေးပို့လာကြောင်း တွေ့ရှိရသည်။

KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင် ပရဟိတလုပ်ငန်းများကို အကြောင်းပြ၍ ဟန်ပြလူနာတင်ယာဉ်များဖြင့် လူနှင့်လက်နက်/ခဲယမ်းသယ်ဆောင်ခြင်းများကို လုပ်ဆောင်နေကြောင်းသိရှိရသဖြင့် မိဘပြည်သူများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မိမိတို့နေထိုင်သော မြို့/ရွာများအတွင်း အကြမ်းဖက်သမားများ၏ အဖျက်လုပ်ရပ်များဆောင်ရွက်မှုနှင့်ပတ်သက်၍ သိရှိရပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးပို့နိုင်ပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဇရပ်ကြီးမြို့အတွင်း တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို အသေးစိတ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးစဉ် မြို့တွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် ကျေနပ်မှုမရှိသည့် ပြည်သူများက ပေးပို့လာသည့် မှတ်တမ်းဓာတ်ပုံ။

# နိုင်ငံတော်သြဝါဒါစရိယ၊ နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဒေါက်တာဘဒ္ဒန္တဓမ္မသီရိ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်သြဝါဒါစရိယ ဒေါက်တာဘဒ္ဒန္တဓမ္မသီရိ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) သက်တော် (၉၆) နှစ်၊ သိက္ခာ (၇၇)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၄)ရက်၊ ၈-၂-၂၀၂၄ ရက် နံနက် ၀၀ : ၀၂ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

### နိုင်ငံတော်သြဝါဒါစရိယ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း (က)ရပ်ကွက် နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဒေါက်တာဘဒ္ဒန္တဓမ္မသီရိ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း



#### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းကိန်ရွာ ခမည်းတော် ဦးဟောင်+ မယ်တော် ဒေါ်နန်းပင်းတို့မှ ၁၂၉၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

#### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၉ ခုနှစ်တွင် တပေါင်းလဆန်း ၁၅ ရက်နေ့တွင် ကျိုင်းတုံမြို့၊ ကျိုင်းယင်းကျောင်း ဆရာတော် ဘဒ္ဒန္တဓမ္မရံသီကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၁၀ ပြည့်နှစ် ကဆုန်လဆန်း ၁၃ ရက်နေ့တွင် ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မရံသီကို ဥပဇ္ဈာယ်ပြုလျက် ကျိုင်းတုံမြို့ ကျိုင်းယင်းရပ်ကွက်နေ ဦးဆန်း+ဒေါ်နန်းလှ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

#### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကျိုင်းတုံမြို့နယ် ယန်းကိန်ရွာ ရွာဦးကျောင်းဆရာတော်၊ ကျိုင်းယင်းကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မရံသီ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ရာ ၁၃၂၀ ပြည့်နှစ်တွင် ဂုံရှမ်းဘာသာဖြင့် ဖြေဆိုအောင်မြင်တော်မူပြီး မူလဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

#### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် နဂါးနှစ်ကောင်ပရိယတ္တိစာသင်တိုက်ကို စတင်တည်ထောင်ပြီး စာသင်တိုက်ခွဲ (၄)တိုက် တည်ထောင်ဖွင့်လှစ်ကာ စာသင်သား ရဟန်းသာမဏေများအား ပရိယတ္တိစာပေများ နှစ် ၅၀ တိုင်အောင် သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ရှမ်းတိုင်းရင်းသား ရဟန်းသာမဏေများကို အစိုးရပါဠိပထမပြန်မှုအတိုင်း ဂုံရှမ်းဘာသာဖြင့် အကြိမ် (၅၀)တိုင် စာမေးပွဲများ နှစ်စဉ်ကျင်းပပေးခဲ့ခြင်း၊ ပိဋကတ်သုံးပုံကျမ်းစာများကို မြန်မာဘာသာမှ ဂုံရှမ်းဘာသာသို့ ပြန်ဆိုခဲ့ခြင်း၊ ပိဋကတ်သုံးပုံကျမ်းစာများကို ဂုံရှမ်းဘာသာဖြင့် ကျောက်စာရေးထိုးခဲ့ခြင်း၊ ၁၉၉၇ ခုနှစ်တွင် အ.လ.က ကျောင်းမြေနေရာနှင့် ကျောင်းအဆောက်အဦများ လှူဒါန်းခဲ့ခြင်း၊ ၁၉၉၈ ခုနှစ်တွင် ရွှေတိဂုံစေတီတော်ကြီးကို ဦးဆောင်၍ တည်ထားခဲ့ခြင်း၊ ၂၀၀၇ ခုနှစ်တွင် တာချီလိတ် ဘိုးဘွားရိပ်သာနှင့် မိဘမဲ့လူငယ်(ပရဟိတ) ဂေဟာကို ဦးဆောင်၍ တည်ထောင်ဖွင့်လှစ်ခဲ့ခြင်း၊ ၂၀၀၄ ခုနှစ်တွင် မြို့နယ်သာသနာရေးမှူးရုံး မြေနေရာနှင့် ရုံးအဆောက်အအုံကို ဦးဆောင်၍ မတည်ဆောက်လုပ်လှူဒါန်းပေးခဲ့ခြင်း၊ ၂၀၁၂ ခုနှစ်တွင် တာချီလိတ်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး မြေနေရာနှင့် ငါးထပ်အဆောက်အအုံ လှူဒါန်းခဲ့ခြင်းနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ပြီး ၁၉၉၆ ခုနှစ်မှစ၍ ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

#### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော ပရဟိတာဝဟဂုဏ်၊ သာသနဟိတစရဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ဂန္ထန္တရဗာဟုသစ္စဂုဏ်၊ ဗဟုဇနဟိတသုခါဝဟဂုဏ်၊ ဂန္ထရစနာဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၅ ခုနှစ်တွင် **“အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက”** ဘွဲ့ တံဆိပ်တော်၊ ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်းတက္ကသိုလ်က ၂၀၀၉ ခုနှစ်တွင် (Homorry Ph.D, Degree From Mahachulalongkornrajavidyalaya University, Bangkok, Thailand) ဘွဲ့၊ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်က ၂၀၁၀ ပြည့်နှစ်တွင် **ရတနရံသီဘွဲ့** တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပြီး နိုင်ငံတော်အစိုးရက ၂၀၂၂ ခုနှစ်တွင် **“အဘိဓဇမဟာရဋ္ဌဂုရု”** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

#### ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၆)နှစ်၊ သိက္ခာတော်(၇၇)ဝါအရ ၁၃၈၅ ခုနှစ် ပြာသိုလပြည့်ကျော်(၁၄)ရက်၊ (၈-၂-၂၀၂၄)၊ ကြာသပတေးနေ့ (၀၀:၀၂) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

**သတင်းစဉ်**



ရွှေတောင်မြို့နယ်တွင် မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ပိုင်ထွန်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၇ ရက်က သရက်တောရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးစဉ်။ **ကိုကိုမင်း (ပြန်/ဆက်)**

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၂ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၅၅ ကျပ် | ၂၆၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၀၀ ကျပ် | ၂၆၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၆၅ ကျပ် | ၂၈၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၉၀ ကျပ် | ၂၉၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၁၀၄ | ၉၀၂၄၀၀ |
| MTSH | ၂၉၅၀ | ၂၉၅၀ | ၁၀၅၂ | ၃၁၀၃၄၀၀ |
| MCB | ၈၀၀၀ | ၇၉၀၀ | ၇၇ | ၆၀၈၄၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၀ | ၁၅၅၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၃၉ | ၉၇၅၀၀ |
| EFR | ၁၉၀၀ | ၁၉၀၀ | ၄၂၀ | ၇၉၂၀၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၁ | ၄၈၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၁၁၀၃၆ | ၁၉၃၁၃၀၀၀ |


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမဗဇာရီမှုအမှတ်-၂၆၇

| | | |
|---|---|---|
| ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန (ယခင်မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း) ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန (၎င်း၏ကိုယ်စား ဦးနန္ဒအောင်၊ ညွှန်ကြားရေးမှူး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ရန်ကုန်မြို့) | နှင့် | ၁။ The National Trading Co.,Ltd<br>၂။ ဦးငွေအောင်(ခ)ဦးပီရူး<br>၃။ ဦးမောင်စိန်<br>၄။ ဦးတင်လှ(ခ)ဦးဂနေဆား<br>၅။ ဦးဝင်းမောင်မောင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ဗိုလ်တထောင်ခရိုင်တရားရုံး **၂၀၂၂ ခုနှစ်၊ တရားမဗဇာရီမှုအမှတ် ၂၆၇** တွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက်အောက်တွင်ဖော်ပြထားသော ပစ္စည်းများ ကို **၂၀၂၄ ခုနှစ်၊ မတ်လ ၁၄ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်) နံနက် ၁၀** နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၉၁)၊ Orchid Hotel၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀အိုင်၂၊ မြေကွက်အမှတ် I- ၂၀၊ အလျား(၆၆ပေ.၂လက်မ x အနံ ၁၀၀ပေ)၊ ဧရိယာ(၀ဒသမ၁၅၁)ဧက၊ ၆၆၁၆ စတုရန်းပေပေါ်တွင် တည်ရှိသော မြေနှင့်အဆောက်အအုံ၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး

Orchid Hotel ၏အရှေ့လားသော် ဗိုလ်တထောင် ဘုရားလမ်း၊ အနောက်လားသော် မြေကွက်အမှတ် I-19၊ တောင်လားသော်-နောက်ဖေးလမ်း၊ မြောက်လားသော်- အနော်ရထာလမ်း။

**ကြမ်းခင်းဈေး-ကျပ်သန်း(၆၅၀၀)**

**လေလံတင်ရောင်းချမည့် စည်းကမ်းများ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံးတို့၏ အကျိုးသက်ဆိုင်သမျှကိုသာရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချမည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ် ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင် နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူသူသည် ၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေ များကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန် မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက် နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံး ဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးသွင်းရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်ပြန်လည်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို လည်း ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

**၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၆** ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အုန်းရီမြင့်)**
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် -၅ ၊ နည်းဥပဒေ - ၂၀ )
## မင်းလှမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄

| | | |
|---|---|---|
| မအိန္ဒြာကျော် (တရားလို) | နှင့် | ကိုချစ်ဖူးမောင် (တရားပြိုင်) |

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့၊ ရုံးရပ်မြောက်ပိုင်းရပ်ကွက်နေ တရားပြိုင် ကိုချစ်ဖူးမောင် (ယခုနေရပ်လိပ် စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မအိန္ဒြာကျော်က မင်းလှမြို့နယ်တရားရုံးတော်တွင် "အကြင်လင်မယားအဖြစ်မှကွာ ရှင်းပြတ်စဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်း အမှုနှင့်စပ်ဆိုင် သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၆ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ နံနက် (၁၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်၏မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်အတွင်းကတင် သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ကျော်ထက်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မင်းလှမြို့နယ်တရားရုံး**

---

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9R/4137၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 74W/64843 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းထွေး ၉/မမန(နိုင်)၀၈၀၄၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ပြင်ဦးလွင်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/5462, Luojia 110 M/Cယာဉ်လက်ဝယ်ရှိ Ruby Kyaw Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(သာယာဝတီ)**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တကက/စရ ဇော်မင်း(ကိုယ်ပိုင်အမှတ် ၇၄၆၃၉၅)၊ ၈/မထန(နိုင်)၀၆၁၂၁၂ (ဘ) ဦးမင်းဒင်အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၂၈၃၂ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ခိုင် ၉/ပသက(နိုင်)၀၁၂၀၉၁ (ဘ)ဦးအိမ်မှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တကက/စရ ဇော်မင်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်ရတနာရပ်ကွက်၊ ရန်ဝေးရပ်၊ အမှတ်(၂၊ ရန်ဝေးအရှေ့)၊ ဦးပိုင်အမှတ်(ပ-၁၄) (ဧရိယာ- ၀.၀၂၃)၊ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးဝင်း ၈/မဘန(နိုင်)၀၆၄၆၄၀၊ ဒေါ်အမာစီ ၈/မဘန(နိုင်)၀၆၄၆၃၉ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော မကွေးမြို့၊ ရန်ဝေးရပ်ကွက်၊ ပြည်တော်သာလမ်းအမှတ် (ပ-၁၃)နေ ဒေါ်ရော ၈/မကန(နိုင်)၁၆၈၆၇၇ နှင့် ဒေါ်ဝေဇာ ၈/မဘန(နိုင်)၁၂၅၉၇၅ တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါမြေကွက်နှင့် အဆောက်အအုံ အရောင်း အဝယ်စာချုပ်အား အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိမိခင် B.A (LAW) LL,B**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၂၁၄၅/၁၉၈၁)**
**သခင်ဘိုးလှကြီးလမ်း၊ သစ်တပွေရပ်ကွက်၊ ရေနံချောင်းမြို့။**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ အောင်သပြေရပ်ကွက်၊ အမှတ်(၅/၁)နေ မဖြူစင်ညီ(ခ)မမြသဲချို (၁၃/တကန(နိုင်)၃၁၄၈၇၂)၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းတွင် အမည်နှစ်မျိုးကွဲလွဲနေပါသဖြင့် လူပုဂ္ဂိုလ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်9B/1312 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ (၇)လမ်းမြောက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆-ဒီ(၁၄/၁၅/၁၆)၊ မြေကွက်အမှတ် ၂၈၂/စီ၊ ဧရိယာ(၀ဒသမ၀၇၁)ဧက၊ အလျား ၄၉'/၄၅'.၆" x အနံ ၆၉' အကျယ်အဝန်းရှိသော ဒေါ်သန်းသန်းဌေး အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်အား ဦးစံဝင်း ၁၃/မနန(နိုင်)၀၀၉၄၁၈မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုဝန်ခံသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသဇင်ဦး ၁၂/အစန(နိုင်)၂၂၁၇၂၃ က ဝယ်ယူရန်သဘောတူခဲ့ပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေအား ပေးချေခဲ့ပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်အေးသဇင်ဦးထံသို့ဖြစ်စေ ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေ ရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းမင်းစိုး(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၂၉)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၄၅၀၀၂၉၂၁၅**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၇)၊ ဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၃၃၄)၊ မြေပေအကျယ်(၄၀x၆၀)ပေရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆)ထပ် RC အဆောက်အအုံမှ ကန်ထရိုက်တာ ဒေါ်နန်းညွန့်မေ(၁၃/တကန(နိုင်)၀၈၅၇၀၀)အကျိုးခံစားခွင့်ရှိသည့် ခေါင်းရင်းခြမ်းရှိ ပထမထပ်(၂-လွှာ)၊ အခန်းအကျယ်အဝန်း (၁၇ x ၅၄)ပေ၊ အမြင့်(၉)ပေရှိ တိုက်ခန်းတစ်ခန်း၊ အဲကွန်း(၂)လုံးအပါအဝင်ကို ကန်ထရိုက်တာက မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိမှပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့်အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

---

## ပြောင်းလဲခေါ်ဆိုပါရန်

ဖြူးမြို့နယ်၊ ညောင်ပင်သာ အထက Grade-4 မှဦးအောင်ငွေး ၇/ဖမန(နိုင်)၀၉၇၇၈၃ ၏သား မောင်မြတ်ဘုန်းပြည့်စုံအား မောင်မြတ်ဘုန်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မြတ်ဘုန်းသန့်**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/44820, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ (၁၁)ရပ်ကွက်၊ အကွက်အမှတ်(၅-ခ/ဈေးတန်း)၊ ဦးပိုင်အမှတ်(၇၀-ည)၊ ဧရိယာ(၀ဒသမ၀၆၁)ဧကအား ဒေါ်ကြင်ရွှေအမည်ဖြင့် ခွင့်ပြုရရှိထားပြီး ၎င်းမြေကွက်၏ ဧရိယာ(၀ဒသမ ၁၆၁)ဧကအနက်မှ (၀ဒသမ၀၃၈)ဧကအား ဦးကျော်ငွေးလွင်၊ ဒေါ်ခင်ထူးတို့မှ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးကျော်ငွေးလွင်၊ ဒေါ်ခင်ထူးတို့အမည်ဖြင့် သက်တမ်းတွင်း/အမည်ပြောင်းမြေငှားဂရန်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီးယနေ့မှစ၍ ၁၅ ရက်အတွင်း တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဦးကျော်ငွေးလွင်၊ ဒေါ်ခင်ထူးတို့အမည်ဖြင့် မြေငှားဂရန်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**တောင်ငူမြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါ ရုံ(၈)လမ်း၊ အမှတ်(၁၃၁၄/ခ)၊ (ဒုတိယထပ်-၃လွှာ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ဇော်လွင် ၁၂/သကတ(နိုင်)၁၉၄၄၂၂ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးအာကာဖြိုးဇင် ၇/သနပ(နိုင်) ၁၁၈၇၅၅ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတား မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ ရွှေပြည်သာလမ်း၊ အမှတ်(၉၃၁/ခ)၊ (စတုတ္ထထပ်-၅လွှာ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်နွယ်နီဝင်း (၁၂/လသယ(နိုင်)၀၇၆၀၃၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိအောင် (၁၂/ဗတထ(နိုင်)၀၃၉၆၆၉)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D,B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ သီရိဇေယျာ(၁၉)လမ်း(ခ)၊ မြေကွက်အမှတ်(၈၇၉)ဟုခေါ်တွင်သော မြေအလျား x အနံပေ (၄၀ x ၆၀) မြေကွက်ထဲမှ တရားဝင်မခွဲ မစိတ်ရသေးသော် (အလယ်ခြမ်း/ဂရန်မိတ္တူခြမ်း) အလျား x အနံ(၁၃ ပေ ၄ လက်မ x ၆၀ ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် (၃)ဦးအနက်မှ တစ်ဦးဖြစ်သူ ဦးကြည်ဝင်း (KPW-၀၄၇၆၄၆) ထံမှ တရားဝင်အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီတာ(S/0KA-၁၃၁၁၅၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအေးသန်း(၁၂/သဃက(နိုင်)၁၄၄၇၀၃)မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါ ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအေးသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး ( L L.B )** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆/၂၀၁၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅/၂၀၁၇)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်နေ ကျွန်မ ဒေါ်နှင်းနှင်းဝေ ၁၄/မမန(နိုင်)၃၂၈၃၄၀၏ နိုင်ငံကူးလက်မှတ် မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၆၇၀၉၃၈၈

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ အထက(ခွဲ)၊ (မြို့မ)ကျောင်း၊ Grade-6B တွင် ပညာသင်ကြားနေသော မနန်းကေရီထွန်း ၁၁/သတန(နိုင်)၁၄၀၄၁၁၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၉-၂၀၁၁ ဖြစ်ပါကြောင်း။

မနန်းကေရီထွန်း
၁၁/သတန(နိုင်)၁၄၀၄၁၁

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁-၂၀၂၄ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၆) ပခုက္ကူခရိုင် တရားရုံးတော် ငြင်းချက်ထုတ်ရန်သမ္မန်စာ ကြော်ငြာတွင် ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၂၉ရက် (၁၃၈၅ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ရက်)အစား ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် (၁၃၈၅ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်) အစား ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်( ၁၃၈၅ခုနှစ်၊ ပြာသိုလဆုပ် ၄ ရက်) ဟုပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာ၊ ကွင်းအမှတ်(၉၈၃)၊ ကွင်းအမည်- လက်ခုပ်ကျွန်း၊ ဦးပိုင်အမှတ်(၃၇/ခ)၊ ဦးကျော်စွာလင်း အမည်ပေါက် ဧရိယာ(၀.၂၉)ဧက၊ (၆၈x၂၁၀)ပေရှိ ခြံမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးကျော်စွာလင်း(ဘ)ဦးရွှေပိုး (၁၂/လကန(နိုင်)၁၈၉၄၉၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးထွန်းမင်းစိုး (ဘ)ဦးချိုဝင်း (၅/ကမန(နိုင်)၀၀၄၂၆၅)မှ အပိုင်ဝယ်ယူရန်အတွက် (၇-၂-၂၀၂၄)ရက်တွင် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ သတ်မှတ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းမင်းစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်သူဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၃၄)**
**အမှတ် (၅၃၇)၊ ခရေလမ်း၊ (၈/၂)မြို့မရပ်ကွက်၊**
**လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၇၉၅၅၃၃၁၉၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၇၊ ဦးပိုင်အမှတ် ၁-ခ(ခဲစင်း)၊ ၄၇x၄၈ လမ်းကြား၊ ၁၁၃x၁၁၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉၏ (SP ရရှိသူ ဦးအောင်ကျော်စိုး)က အမှုတွဲအမှတ် ၆၆၈၀/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တာချီလိတ်ခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄

ဒေါ်ယဉ်ယဉ်ဌေး နှင့်
၁။ ဦးအိုက်ဟောက်
၂။ ဦးလောကော
၃။ ဦးတင်ဝင်းမောင်
၄။ မသင်းသင်းစိုး
၅။ ဒေါ်နန်းကျော့ရင်

တရားလို — တရားပြိုင်များ

ဟွေမွန်းရွာ၊ ကတ်တောင်အုပ်စု၊ ကျိုင်းတုံမြို့နေ တရားပြိုင် ဦးလောကော (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ရက်( ၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင်၊ သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။

**(စံမြင့်)**
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## တာချီလိတ်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၄

ဒေါ်ယဉ်ယဉ်ဌေး နှင့်
၁။ ဦးအိုက်ဟောက်
၂။ ဦးလောကော
၃။ ဦးတင်ဝင်းမောင်
၄။ မသင်းသင်းစိုး
၅။ ဒေါ်နန်းကျော့ရင်

တရားလို — တရားပြိုင်များ

လှာကာရွာ၊ ဘားအံမြို့နေ တရားပြိုင် ဒေါ်နန်းကျော့ရင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍၊ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီ အချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍၊ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စံမြင့်)**
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇) လူနေရပ်ကွက်အမှတ်(-)၊ စေတနာလမ်း၊ မြေကွက်အမှတ်(၉၆၄)၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ ဦးစိန်ညွှန့်(N/OKA-၀၀၄၅၇၉)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်တင်တင်စိန်(၉/ကပတ(နိုင်)၁၈၁၄၈၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးဇော်မျိုးနိုင်** | **ဦးတင်ကိုလှိုင်** |
| LL.B, D.B.L | LL.B |
| အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) | အထက်တန်းရှေ့နေ(စဉ်-၅၀၅၈၂) |

အမှတ်(၇၂)၊ မြေညီထပ်၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၂၅၀၂၉၀၇၈၁၊ ၀၉၂၅၀၉၇၁၇၂၆

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ် ဘိုကုန်းရပ်ကွက်၊ နယ်မြေ(၂)၊ အကွက်အမှတ်(၁၅)၊ ဦးပိုင်အမှတ်(၁၂၄)ရေိယာ(၂၃x၆၅)ပေနှင့် ၎င်းမြေပေါ်ရှိ ဆောက်လုပ်ထားရှိသော နှစ်ထပ်နံကပ်တိုက်(၁)လုံးအပါအဝင် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပျဉ်းမနားမြို့နယ်၊ လယ်ယာစီမံခန့်ခွဲမှု ဦးစီးဌာနတွင် ဦးမဲ-ဒေါ်ရီရီအမည်ဖြင့် မှတ်သားတည်ရှိပြီး ဦးမဲ(ဘ)ဦးထွန်းရီ (၉/လဝန(နိုင်)၀၃၂၄၁၈)၊ ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်ရီရီနှင့်မိသားစုအားလုံးမှ မိမိတို့ပိုင်ဆိုင်သော အထက်ပါလိပ်စာပါမြေနှင့် အိမ်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်၊ ပျဉ်းမနားခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာတို့ဖြင့် (၁၉-၁-၂၀၂၄)ရက်က ဒေါ်ခင်ချိုမြင့်(ဘ) ဦးမောင်ညို(၅/ထခန(နိုင်)၀၆၃၅၉၂)သို့ အရှုပ်အရှင်းကင်းစွာဖြင့် အပြီးအပိုင်လွှဲပြောင်းရောင်းချပြီးဖြစ်သောကြောင့် ကျွန်တော် ဦးမဲအပါအဝင် မိသားစုအားလုံးတို့နှင့် အထက်လိပ်စာပါ မြေနှင့် နေအိမ်တို့အား (၁၉-၁-၂၀၂၄)ရက်မှစ၍ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမဲ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်သက်တင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၅၆)**
**ယောက်သွားအင်းအုပ်စု၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၄၀၀၄၃၅၅၃၉၊ ၀၉-၉၇၀၉၇၇၇၃၃၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရောဝဏ်လမ်း၊ ရောချမ်းသာအိမ်ရာ၊ တိုက်အမှတ် (11B)၊ အခန်းအမှတ်(259)၊ ၁၆-လွှာတိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးမြင့် (၁၄/ညတန(နိုင်)၀၈၈၀၄၇) (ချမ်းသာရွှေမြေ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ တာဝန်ပေးခြင်းခံရသူ)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မေသက်နိုင် (၁၂/ဒဂတ(နိုင်)၀၅၀၆၉၄)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မ အနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဒေါ်ရှုတီ(ခ) ဒေါ်ခင်တိုးမြင့် ၁၀/မလမ(နိုင်)၀၃၄၉၉၄(ဘ)ဦးချန်စိန်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၀၁၃၃)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၇၆၈/၂၀၁၉(၁၁-၇-၂၀၁၉)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ဇင်မာ ၁၄/ဟသတ(နိုင်)၂၄၁၃၉၈၊ ဒေါ်အေးအေး ၁၄/ဝခမ(နိုင်)၂၉၄၃၇၂(ဘ)ဦးအေးချို၊ ဦးစိန်ဟန်မှ ဦးအေးမင်းထွန်း ၅/ဒပယ(နိုင်)၀၇၀၄၂၈နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

ကွတ်ခိုင်မြို့၊ ရပ်ကွက် (၃)နေ မောင်ကွမ်ရင်ဟိုက် (ဘ)ဦးဒေါင်စိုင်မြင့် (၁၃/ကခန(နိုင်)၁၀၃၇၆၁)၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးရန်။

ဖုန်း-၀၉-၇၅၉၀၆၁၅၃၁

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၇)၊ နယ်မြေ(၂)နေ မောင်စိုးစိုး (၁၃/လရန(နိုင်)၀၉၉၂၈၈)၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

ဖုန်-၀၉-၂၀၁၂၁၈၈

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/99107, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေဇာမျိုး ၁၄/လပတ(နိုင်)၁၄၆၄၁၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်50W/99107,Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေဇာမျိုး ၁၄/လပတ(နိုင်)၁၄၆၄၁၈က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၁၀၊ ဦးပိုင်အမှတ်(၈၅)ခဲစင်းအနောက်ဘက်ခြမ်း၊ ၅၀x၅၁ ကြား၊ ၁၀၇ . F လမ်းရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဌေး ၉/မနတ(နိုင်)၀၈၁၃၀၈၈က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါအောင် ၁၂/လကန(နိုင်)၁၃၉၂၈၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၀)ရပ်ကွက်၊ မြေတိုင်း(၄၅)၊ ပြင်ဦးလွင်လမ်း၊ အမှတ်(၂၅၀)ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၄၀x၆၀) ရှိသော အိမ်ခြံမြေအနက် ခြေရင်းခြမ်း အကျယ်အဝန်း (၂၀x၆၀)ပေရှိသော ခြံမြေနှင့် ယင်းခြံမြေပေါ်ရှိ ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်အောင်အောင် ၁၂/ဗတထ(နိုင်)၀၅၉၀၆၀ထံမှ ဒေါ်ဝါဝါအောင် ၁၂/လကန(နိုင်) ၁၃၉၂၈၁က (၂၇-၁၀-၂၀၂၀)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်ချုပ်ဆိုကာ ဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် အဆိုပါ နေအိမ်ခြံမြေသည် ဒေါ်ဝါဝါအောင် တစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်ချိုဝင်းမာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၀၉)**
**အမှတ်(၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၉၃၃၅၇**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၂၂၇၊ အလျားပေ ၄၀ x အနံပေ ၆၀၊ ဧရိယာစတုရန်းပေ ၂၄၀၀ ရှိသော ဦးကြည်လွင် ( NBN-၁၄၇၆၀၂) အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၂၂၇)၊ သီရိနန္ဒာလမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် နေအိမ်နှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးကြည်လွင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ယခုလက်ရှိလက်ဝယ်ပိုင်ဆိုင်ထားသူ ကွယ်လွန်သူ ဦးတင်ဝင်း (၁၂/ပဘတ(နိုင်)၀၀၅၀၀၀)၏ဇနီးဖြစ်သူ ဒေါ်ခင်ဌေးဝင်း (၁၀/ခဆန(နိုင်)၀၅၄၃၉၆)၊ ဒေါ်အိန္ဒြာဦး (၁၂/ပဘတ (နိုင်)၀၃၃၉၈၅)၊ ဒေါ်အိပန်းဖြူ (၁၂/ပဘတ(နိုင်)၀၃၃၉၈၆)၊ ဒေါ်အိသဲဖြူ(၁၂/ပဘတ(နိုင်)၀၃၃၉၈၇)၊ ဦးအောင်ကျော် (၁၂/တမန(နိုင်)၀၆၁၄၅၈)တို့ ဇနီးနှင့်သားသမီးများမှ ဖခင်ဖြစ်သူဦးတင်ဝင်း ကွယ်လွန်ပြီးနောက် မိမိတို့ဇနီးနှင့်သားသမီး ရောင်းချပိုင်ခွင့် ရှိကြောင်းဆိုသူတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ရောင်းချငွေတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်လွင်လွင်ခိုင်(LL.B, D.B.L, D.I.L)** | **ဒေါ်ဟန်သီတိုး(L.L.B, D.B.L)** |
| **အထက်တန်းရှေ့နေ (စဉ် -၂၄၃၄၅)** | **အထက်တန်းရှေ့နေ(စဉ် -၅၀၅၃၂)** |
| **အမှတ်(၆၂၇)၊ (၁၁)လမ်း၊ (၇)ရပ်ကွက်၊** | **ဖုန်း-၀၉-၄၂၇၂၈၉၈၄၉** |

**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၇)၊ အကွက်အမှတ်(ကျောက်တောင်တိုးချဲ့)၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ (၀ဒသမ၂၄၈)ဧကအား ဒေါ်နွန်မြင့်သန်း ၁၃/လရန(နိုင်)၁၄၇၇၁၈၊ ဒေါ်သန်းသန်းအေး ၁၃/လရန(နိုင်)၁၅၂၀၃၉ နှင့် ဒေါ်ဌေးဌေးဝင်း ၁၃/လရန(နိုင်) ၂၃၀၄၂၀တို့ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း ၂၀ အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၆)၊ အကွက်အမှတ်(၂၈/ခိုလောင်းရပ်)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ (၀ဒသမ၂၁၆)ဧကအား ဦးလောက်စီ ၁၃/လရန(နိုင်)၀၉၀၀၃၈ အမည်ဖြင့် မြေငှားဂရန် အသစ်လျှောက် ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း ၂၀ အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါ သည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၁၅)၊ အကွက်အမှတ် (နားအိုက်ခန်တောင်ကွက်)၊ ဦးပိုင်အမှတ် (၅၈/ခ) အား ဒေါ်မြင့်မြင့်ဝင်း ၁၃/လရန(နိုင်)၂၃၄၆၈၆ အမည်ဖြင့် မြေငှားဂရန်သစ် လျှောက်ထားဆောင်ရွက်မည်ဖြစ်၍ မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရေးကူးခွင့်ပြုနိုင်ပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉)၊ အကွက်အမှတ် (မန်ဆူတိုးချဲ့-၆)၊ ဦးပိုင်အမှတ်(၁၀၁၀)အား ဒေါ်အားဆန်း ၉/မကန(နိုင်)၀၉၁၂၈၇ အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထား ဆောင်ရွက်မည်ဖြစ်၍ မြေစာရင်းပုံစံ (၁၀၅/၁၀၆)ရေးကူးခွင့်ပြုနိုင်ပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## တံဆိပ်အမည်အမှတ်အသား သတိပေးကြေညာခြင်း

မိတ္ထီလာမြို့၊ ဥယျာဉ်ကျေးရွာ၊ တောမကျေးရွာအုပ်စု၊ မိတ္ထီလာ-သာစည် ကားလမ်းဘေးနေ ဦးအောင်ဖြိုးမင်း (ဘ) ဦးသန်းအောင် ၉/မထလ(နိုင်)၂၄၆၄၁၅၏ လွှဲအပ်ညွှန်ကြားချက်အရ **"ဒို့ရွှေဖြိုး" DSP အဆင့်မြင့် သန့်စင်ပြီး ဆန်အမျိုးမျိုးရောင်းဝယ်ရေး**အမည်ရှိ အောက်ဖော်ပြပါအမည်တံဆိပ်အမှတ်အသားကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၄၁၉/၂၀၂၄)အရ တရားဝင်မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်-




RD(၄၁၉/၂၀၂၄)

အထက်ဖော်ပြပါ **"ဒို့ရွှေဖြိုး" DSP** အမည်တံဆိပ်အမှတ်အသားဖြင့် **အဆင့်မြင့်သန့်စင်ပြီး ဆန်အမျိုးမျိုးရောင်းဝယ်ရေး**လုပ်ငန်းကို မိတ္ထီလာမြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ တစ်ဦးတည်းကိုယ်စားလှယ်ဖြင့် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

